
စိတ်ကူးချိုချိုအနုပညာ

# မြန်မာ့စီးပွားရေး အခင်းအကျင်းသစ်

## (၂၀၁၇-၂၀၁၈)

ခင်မောင်ညို(ဘောဂဗေဒ)




mgyoe.com

mgyoe.com

# မြန်မာ့စီးပွားရေး အခင်းအကျင်းသစ်

(၂၀၁၇-၂၀၁၈)

ခင်မောင်ညို(ဘောဂဗေဒ)



KMN0048
2,200.00 KS

mgyoe.com

မြန်မာ့စီးပွားရေးအခင်းအကျင်းသစ်(၂၀၁၇-၂၀၁၈)၊ ခင်မောင်ညို(ဘောဂဗေဒ)
စာမျက်နှာ ၁၆၉ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြန်မာ့စီးပွားရေး အခင်းအကျင်းသစ်

## (၂၀၁၇-၂၀၁၈)

ခင်မောင်ညို(ဘောဂဗေဒ)

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ၂၀၁၇ မြန်မာ့စီးပွားရေး မျှော်မှန်းချက်များနှင့် စိန်ခေါ်မှုများ ၁

၂။ ၂၀၁၇ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ် တစေ့တစောင်း ၆

၃။ စီးပွားရေးလွတ်လပ်မှု ၁၀

၄။ ပါမောက္ခ – ဂျယာတီ – ဂို့ရှ်၏
မြန်မာနိုင်ငံဖွံ့ဖြိုးရေးစိန်ခေါ်မှုများအမြင် ၁၃

၅။ မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးရေးစိန်ခေါ်မှုများ
အိန္ဒိယပါမောက္ခ– စီပီချန်ဒရာဆီခါ၏အမြင် ၁၉

၆။ နိုင်ငံခြားငွေဖလှယ်နှုန်းကို ပြဋ္ဌာန်းသောအချက်များနှင့်
ပတ်သက်သည့် သီအိုရီများနှင့် ငွေကြေးမူဝါဒ ၂၅

၇။ တစ်နှစ်ကြာလာတဲ့ မြန်မာ့စီးပွားရေး အခင်းအကျင်းသစ် ၃၅

၈။ အမေရိကန်သမ္မတသစ်– အာရှကုန်သွယ်ရေးနဲ့ မြန်မာနိုင်ငံ ၄၀

၉။ ကမ္ဘာ့ဘဏ်နဲ့ အိုင်အမ်အက်ဖ် ကပြောပြတဲ့ မြန်မာ့စီးပွားရေး ၄၆

၁၀။ ကူးလူးဆက်ဆံမှုနဲ့ စီးပွားရေးတိုးတက်မှု ၅၁

၁၁။ မြန်မာ့စီးပွားရေး–ဆွေးနွေးစရာတွေ ၅၄


mgyoe.com

mgyoe.com


၁၂။ ရခိုင်အရေးနဲ့ မြန်မာ့စီးပွားရေး ၆၀

၁၃။ ဈေးကွက်နဲ့ အစိုးရ – အချိန်အဆ ၆၃

၁၄။ တောရဲ့မာယာ ၆၉

၁၅။ "(၂၁)" ရာစုမှာ လိုအပ်နေတဲ့ ကျွမ်းကျင်မှုတွေ ၇၄

၁၆။ ဘယ်ဓလေ့မှာ ပျော်မွေ့နေကြ ၇၈

၁၇။ ကွမ်းကျိုးတစ်ခေါက် ၈၂

၁၈။ ပီကင်းက ပြန်ခဲ့တယ် ၈၆

၁၉။ တရုတ်အိပ်မက်မှ ကမ္ဘာ့အိပ်မက်သို့ ၉၀

၂၀။ ကိုယ့်အကြောင်းကိုယ်သိ၊ သူ့အကြောင်းလည်း ကိုယ်သိ ၉၄

၂၁။ ကျွမ်းထိုးမှောက်ခုံ ၁၀၀

၂၂။ စီမံဘဏ္ဍာနဲ့ မိဒီယာ ၁၀၄

၂၃။ ဘယ်ကလျှပ်စစ်ရမလဲ ၁၀၉

၂၄။ မပျော်တဲ့အလုပ်မှာ ပျော်နေကြသူများ ၁၁၃

၂၅။ လက်တွေ့မှာ ကျွမ်းကျင်ကြဖို့ ၁၁၆

၂၆။ အမျိုးသားရေးစရိုက်လက္ခဏာများတည်ဆောက်ခြင်း ၁၂၀

၂၇။ ဒစ်ဂျစ်တယ်နေထိုင်နည်းကို အိပ်မက်မက်ခြင်း ၁၂၃

၂၈။ ဘယ်လိုနောက်လိုက်လဲ ၁၂၆

၂၉။ ရာသီဥတုလား၊ ကမ္ဘာ့နိုင်ငံရေးရာသီဥတုလား၊ ဘာပြောင်းလဲသလဲ ၁၃၀

၃၀။ စင်းလုံးချောမဟုတ်တဲ့ လူတွေဖတ်ဖို့ ဘယ်သူ ဘာကြောင့် – ဘာတွေလုပ် ၁၃၄


❑

mgyoe.com

mgyoe.com

# [ ၁ ]

## ၂၀၁၇ မြန်မာ့စီးပွားရေး မျှော်မှန်းချက်များနှင့် စိန်ခေါ်မှုများ

၂၀၁၇ ခုနှစ်၊ နှစ်ဆန်းမှာ မြန်မာ့စီးပွားရေးအလားအလာကို ဘယ်လိုမြင်သလဲ ဆိုတဲ့ မေးခွန်းတွေကို အခုတလော ဖြေကြားပေးနေရပါတယ်။

ကံအားလျော်စွာ ဇန်နဝါရီလ ၉ ရက်နေ့က စီမံကိန်းကော်မရှင်နဲ့ ဘဏ္ဍာရေး ကော်မရှင်ရဲ့ အစည်းအဝေးကို ကျင်းပခဲ့လေတော့ ရည်ညွှန်းကိုးကားစရာ ရလာပါ တယ်။

ပြီးခဲ့တဲ့ကာလ၊ အစိုးရသစ်တက်လာချိန်မှာ လူသစ်စနစ်သစ်တွေ၊ အံမဝင်ခွင် မကျသေး၊ အသားမကျနိုင်သေးတာနဲ့အတူ၊ စီးပွားရေးတိုးတက်မှု နှေးကွေးခဲ့တဲ့ အကြောင်း တာဝန်ရှိသူများကိုယ်တိုင်က လက်ခံခဲ့ပြီး၊ ပထမကိုးလအတွင်း၊ အစိုးရ သစ်က အခြေချနိုင်ခဲ့ပြီဖြစ်လို့၊ ၂၀၁၇ မှာတော့ အရှိန်ရလာမယ်လို့ အားလုံးက မျှော်လင့်တွက်ဆလာကြပါတယ်။

ဒီအထဲမှာ အစိုးရသစ်က စီးပွားရေးမူဝါဒချမှတ်ရာမှာ၊ စီးပွားရေးတိုးတက်မှု တစ်ခုတည်းကိုသာ ဦးတည်တာမဟုတ်ဘဲ၊ အားလုံးနဲ့သက်ဆိုင်၊ အားလုံးပါဝင် ပတ်သက်ဖို့နဲ့၊ ရေရှည်တိုးတက်ဖို့ဆိုတဲ့ ရည်မှန်းချက်တွေပါ ပါဝင်နေတာကို သတိပြု မိဖို့ လိုပါတယ်။

စီးပွားရေးတိုးတက်မှု၊ ဖွံ့ဖြိုးမှုရအောင် ကြိုးစားအားထုတ်တာတောင်မှ၊

mgyoe.com

အတော်အားထုတ်ကြိုးပမ်းရတဲ့ အလုပ်ဖြစ်လေတော့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေပါ အကျုံးဝင်တဲ့ စီးပွားရေးတိုးတက်မှုဖြစ်လာဖို့၊ ပြီးတော့ ရေရှည်တိုးတက်ဖွံ့ဖြိုးဖို့ အားထုတ်တယ်ဆိုတာ အတော်လေး ရည်မှန်းချက် မြင့်မားနေလေမလား၊ ရေတိုစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုကို ထိခိုက်လေမလားဆိုတာ၊ ကျွန်တော် အတော်လေး စိုးရိမ်ပူပန်မိပါတယ်။

သဘာဝဓာတ်ငွေ့ ကမ္ဘာ့ပေါက်ဈေးကျဆင်းလို့ ရငွေကျဆင်း၊ သစ်ထုတ်လုပ်မှုတင်ပို့မှုကို လျှော့ချလို့ ရငွေကျဆင်း၊ သတ္တုကဏ္ဍ လုပ်ကွက်တွေကို ပြန်လည်စိစစ်ခွင့်ပြုနေရလို့ ရငွေကျဆင်းတာတွေကိုကြည့်ရင်၊ ရေရှည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရေတိုမှာ ထိခိုက်နစ်နာမှု အတန်အသင့် ရှိတယ်ဆိုတာကို ပြသနေပါတယ်။

တစ်ဘက်ကလည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုကို စရိတ်ကာမိတဲ့ ဈေးနှုန်းမဟုတ်၊ ပြည်သူတွေ သက်သာအောင် အရှုံးခံထုတ်လုပ် ဖြန့်ဖြူးနေရတာ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံတွေ (ရုပ်ပိုင်းဆိုင်ရာ) အများကြီး တည်ဆောက်ဖို့ လိုအပ်နေတာတွေကြောင့်၊ အသုံးစရိတ်တွေ ဆက်လက်သုံးစွဲဖို့ လိုအပ်နေပါတယ်။

ဒီနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ပြဋ္ဌာန်းပြီး၊ နိုင်ငံသား–နိုင်ငံခြား မခွဲခြားတဲ့အတွက်၊ တိုးတက်မှုတစ်ခုဖြစ်ပြီး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်စရာ အကြောင်းတစ်ခု ဖြစ်မယ်လို့လည်း မျှော်လင့်ပါတယ်။

ဘဏ္ဍာရေးကော်မရှင်က ဆွေးနွေးရာမှာ ပြည်တွင်း ငွေကြေးဈေးကွက်တည်ငြိမ်စေရေးအတွက်၊ စဉ်ဆက်မပြတ် ဂရုပြု ဆောင်ရွက်ရန်ဆိုတဲ့ အချက်လည်း ပါဝင်ပါတယ်။ မကြာမီက ဗဟိုဘဏ်စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန ပြီးတော့ စီးပွားကူးသန်းဝန်ကြီးဌာနတို့ အပတ်စဉ် ညှိနှိုင်းဆွေးနွေးပွဲတွေ ပြုလုပ်လာတဲ့အခါ၊ ကမ္ဘာ့ဈေးကွက်မှာ ဒေါ်လာဈေးနှုန်းကျဆင်းလာတာနဲ့အတူ၊ မြန်မာ့ဈေးကွက်မှာလည်း ဒေါ်လာဈေးနှုန်းကျဆင်းလာတာကို သတိပြုမိပါတယ်။

သုံးစွဲစရာတွေ၊ အကုန်အကျခံစရာတွေ ရှိနေပေမဲ့၊ စနစ်တကျ ခွဲဝေသုံးစွဲပြီး၊ ကြွေးမြီဝန်ထုပ်ဝန်ပိုးကြီးလာတာပဲ ခံနိုင်ရည်ရှိတဲ့ အတိုင်းအတာရှိအောင်၊ ဘတ်ဂျက်လိုငွေကို ဂျီဒီပီရဲ့ ၅ ရာခိုင်နှုန်းထက် မကျော်စေရအောင်၊ ဆက်လက်ထိန်းသိမ်းသွားမယ်လို့ သိရတဲ့အတွက် နိုင်ငံတကာ အဖွဲ့အစည်းများတို့ အကြံပြုချက်နဲ့လည်း ကိုက်ညီနေပါတယ်။

mgyoe.com

mgyoe.com


ဒီနှစ်မှာ ထူးခြားတယ်လို့ဆိုနိုင်တာက၊ ကျပ်ငွေဖြင့် ကောက်ခံရရှိတဲ့ ကုန်သွယ်လုပ်ငန်းခွန်ရရှိငွေရဲ့ ၁၅ ရာခိုင်နှုန်း၊ အထူးကုန်စည်ခွန်ရဲ့ ၁၅ ရာခိုင်နှုန်းနဲ့ ဝင်ငွေခွန်ရဲ့ ၅ ရာခိုင်နှုန်းတို့ကို ပြည်ထောင်စုကနေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ခွဲဝေပေးမယ်လို့ ဆိုထားပါတယ်။ တစ်ဖက်မှာ ၂၀၁၇–၁၈ ဘဏ္ဍာရေးနှစ်အတွက် အခုလိုခွဲဝေပေးတာဟာ၊ အဲဒီဒေသတွေရဲ့ ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ် နိုင်သလို၊ တစ်ဖက်ကလည်း စနစ်တကျ၊ ထိထိရောက်ရောက် သုံးစွဲရေးအတွက် လိုအပ်တဲ့ စွမ်းရည်တွေရှိနေဖို့ လိုအပ်ပြီး၊ ပြင်ဆင်ထားနိုင်မှ အလေအလွင့်နည်းပါးမယ်။

စီမံကိန်းတွေ အကောင်အထည်ဖော်ရာမှာ အစိုးရအဖွဲ့အတွင်းနဲ့ ဝန်ကြီးဌာန အချင်းချင်း၊ ပြီးတော့ ဗဟိုအစိုးရနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေအကြား၊ ပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးတယ်ဆိုတဲ့ အကြောင်းကို ဆွေးနွေးသွားတာလည်း တွေ့ရပါတယ်။ တကယ်တော့၊ တချို့ဌာနတွေ၊ အဖွဲ့အစည်းတွေမှာဆိုရင် ဌာနအတွင်း၊ အဖွဲ့အစည်းအတွင်းမှာတောင် ပူးပေါင်းဆောင်ရွက်မှု အားနည်းနေတတ်ပါတယ်။

နိုင်ငံတကာ စီမံကိန်းတွေနဲ့ပတ်သက်လို့ စိတ်ပူတတ်စရာတွေအတွက်၊ ကိုယ့်ဖွံ့ဖြိုးရေး စီမံကိန်းက ကိုယ်ပိုင်ဖြစ်ရမယ်။ ကိုယ့်နိုင်ငံသားများရဲ့ လိုအပ်ချက်အရ စီမံကိန်းတွေ ရေးဆွဲရမယ်လို့ ဆွေးနွေးသွားတာကိုလည်း သတိပြုမိပါတယ်။

စိတ်ဝင်စားစရာကောင်းတဲ့ အချက်တစ်ခုက နိုင်ငံတော်ကို အကျိုးပြုတဲ့ စီမံကိန်းတွေဖြစ်ဖို့ဆိုတဲ့ ဆွေးနွေးချက်ပါ။ အရင်က ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းတွေထဲက၊ အကျိုးမဖြစ်ထွန်းတဲ့ စီမံကိန်းတွေကို ဘယ်လိုလျှော့ချမယ်၊ ဖျက်သိမ်းမယ်၊ လက်တွဲမယ်ဆိုတာ စဉ်းစားကြမယ်လို့ သိရပါတယ်။

အရင်က ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းတွေကို ဆက်လုပ်နေရတယ်။ တတ်နိုင်သမျှတော့ ဆောင်ရွက်သွားမယ်။ မလုပ်နိုင်တာတွေကို ရပ်မယ်။ အရင်က အမှားမျိုးတွေ မမှားရအောင် တတ်နိုင်သမျှ ကြိုးစားကြဖို့ အမျိုးသားစီမံကိန်း ကော်မရှင်အစည်းအဝေး (၁/၂၀၁၇) မှာ ပြောသွားတာ တွေ့ရတယ်။

ဒီနေရာမှာ သတိရလို့ ကြားဖြတ်ပြီးပြောရရင်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ဖွဲ့ပြီးခဲ့ပေမဲ့၊ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးဥပဒေ မတွေ့ရသေးသလို၊ လုပ်ငန်းစဉ် တစ်စုံတစ်ရာကိုလည်း မြင်တွေ့ရခြင်း မရှိသေးပါဘူး။

ရှေ့မှာ ဆွေးနွေးခဲ့သလို၊ ၂၀၁၆–၁၇ ဘဏ္ဍာရေးနှစ်မှာ (၂၀၁၆ နှစ်ကုန်

mgyoe.com

mgyoe.com


ခန့်မှန်းချက် အရ ၅ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်မယ်၊ ၂၀၁၇–၁၈ မှာ ၇ ရာခိုင်နှုန်း တိုးတက်ဖို့၊ လူတစ်ဦးစီရဲ့ စုပေါင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး၊ ကျပ် ၁၇ သိန်းကျော်ရရှိဖို့ မျှော်မှန်းထားတယ်ဆိုတာ တွေ့ရတော့၊ ရေရှည်တိုးတက်ဖို့ ရေတိုမှာ (၂၀၁၆–၁၇) နှစ်မှာ အနစ်နာခံတယ်ဆိုတဲ့သဘောကို မြင်တွေ့မိပါတယ်။ မြန်မာ စီးပွားရေး အလားအလာနဲ့ပတ်သက်လို့ နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့၊ နှစ်ကုန် ခန့်မှန်းသုံးသပ်ချက်တွေကို မတွေ့ရသေးပေမဲ့၊ အခုအတိုင်းဆိုရင် မြန်မာအစိုးရရဲ့ ခန့်မှန်းချက်ဟာ နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့ အရင်ခန့်မှန်းချက်တွေထက် ပိုနေတာ တွေ့ရပါတယ်။ အရင်အတွေ့အကြုံတွေအရဆိုရင်၊ အခုပြောတဲ့ ၅ ဒသမ ၇ ရာခိုင်နှုန်းတို့၊ ၇ ရာခိုင် နှုန်းတို့ဆိုတာ မဖြစ်နိုင်တဲ့ တိုးတက်မှုနှုန်းတွေ မဟုတ်ပါဘူး။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဦးဆောင်တဲ့ အစိုးရအနေနဲ့လည်း ပြီးခဲ့တဲ့ ကိုးလတာအတွင်းမှာ မိမိရဲ့လုပ်ဆောင်မှုတွေကို ပြန်လည်သုံးသပ်ပြီး အမှားအယွင်းတွေ တွေ့အောင်ရှာလို့၊ ပြင်ဆင်လုပ်ဆောင်သွားမယ်လို့ မျှော်လင့်ပါတယ်။ ၂၀၁၆ ကာလမှာ တွေ့ကြုံခဲ့ရတာတွေကို ကုစားပြီး၊ ၂၀၁၇ မှာ အရှိန်မြှင့်တင်နိုင်ဖို့ အတွက် ၇ ရာခိုင်နှုန်း တိုးတက်မှုနှုန်းကို မှန်းဆထားတာ ဖြစ်နိုင်ပါတယ်။

သာမန်ပြည်သူတွေအနေနဲ့က စီးပွားရေး တိုးတက်မှုနှုန်းမြင့်တာ၊ နေးတာတွေ ကိုသိပ်ပြီး သတိထားမိမယ် မထင်ပါဘူး။ သူတို့သိတာက ဈေးနှုန်းရဲ့ အတက်အကျ၊ ဝင်ငွေအခွင့်အလမ်းတွေနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေပဲ ဖြစ်ပါလိမ့်မယ်။ စီးပွားရေး တိုးတက်မှုကို တွန်းအားပေးမဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေကနေ တစ်ဆင့် အလုပ်အကိုင် အခွင့်အလမ်းနဲ့ ဝင်ငွေအခွင့်အလမ်းတွေ တိုးပွားလာမယ်လို့ မျှော်လင့်ရပါတယ်။

အရေးအကြီးဆုံး အချက်တစ်ခုက သဘာဝတရားအလှအပနဲ့ သယံဇာတပေါများကြွယ်ဝပေမဲ့၊ လက်နက်ကိုင် ပဋိပက္ခတွေကြောင့် မခံစားနိုင်ဘဲ ဖြစ်နေတဲ့ အဖြစ်တွေကနေ ငြိမ်းချမ်းရေးရရှိ၊ နယ်မြေဒေသအေးချမ်းလို့၊ ငြိမ်းချမ်းရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ အတူယှဉ်တွဲ ဖြစ်ပေါ်လာဖို့အရေးပါ။

မင်္ဂလာရှိတဲ့ မြင်ကွင်းတွေကို ၂၀၁၇ ခုနှစ်အတွင်းမှာ တွေ့မြင်နိုင်ဖို့ ကျွန်တော်တို့ အားလုံးဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမှာပါ။

Khin Maung Nyo(Economist)

Freelance Columnist

mgyoe.com

Senior Adviserm, Myanmar-ISIS

Senior RESearch Fellow,CESD

Vice Chairman, Myanmar Economic Association.

Yangon, Myanmar

❑

mgyoe.com

mgyoe.com

# [ ၂ ]
## ၂၀၁၇ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ် တစေ့တစောင်း

၂၀၁၇ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဖိုရမ်လုပ်မယ်ဆိုတဲ့ သတင်းကြားတော့ ဘာကြောင့်ရယ်မသိ၊ စိတ်ဝင်စားမိတယ်။ ခါတိုင်းတော့ တခြား ရင်းနှီးမြှုပ်နှံမှု ဖိုရမ်တွေအကြောင်းကြားရရင် သိပ်ပြီး စိတ်မလှုပ်ရှားပါဘူး။ အခ်ိကကတော့ စရိတ်မတတ်နိုင်တာပါ။ ဒီတစ်ခါတော့ ရောက်မယ်ဆိုတာ သိပ်မသေချာတဲ့ကြားထဲက တပည့်တွေ၊ မိတ်ဆွေတွေ ဝိုင်းဝန်းစီစဉ်ကြတာနဲ့ ဖိုရမ်ကျင်းပရာ နေပြည်တော်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တယ်။ ရန်ကုန်ကနေလာတဲ့ လေယာဉ်မှာကိုက တရုတ်လုပ်ငန်းရှင်တွေ အပြည့်၊ သူတို့အများစုက နေပြည်တော်အကြောင်း၊ မြန်မာအကြောင်း သိပ်သိကြပုံမရဘူးလို့ ဖိုရမ်မှာမေးတဲ့ မေးခွန်းတွေအရ သုံးသပ်မိတယ်။ တစ်ဆက်တည်းပြောရရင် စီးပွားရေးအဆောက်အအုံအကြောင်း၊ စီးပွားရေးလုပ်ငန်းတွေအကြောင်း စိတ်ဝင်တစားရှိပြီး အမြဲတမ်း လေ့လာနေတဲ့သူမျိုးတောင်မှ တကယ်မသိတာတွေ၊ မျက်ခြည်ပြတ်တာတွေ အများကြီးတွေ့နေရတာကိုး။ ဥပမာ– မြန်မာ့ရင်းနှီးမြှုပ်နှံမှု နောက်ဆုံးအခြေအနေဆိုရင် ကိုယ်မသိတာတွေ အများကြီးပါဝင်သလို၊ မြန်မာနိုင်ငံမှာ လူတွေ စိတ်အဝင်စားဆုံးဖြစ်တဲ့ လျှပ်စစ်စွမ်းအင်ကဏ္ဍဆို ကိန်းဂဏန်းတွေ၊ အချက်အလက်တွေ အများကြီးမို့ လိုက်လို့တောင်မမီဘူး။

ဒီနေရာမှာ တစ်ခုပြောစရာရှိတာက ဆွေးနွေးတင်ပြမှုတွေဟာ မြန်မာဘာသာ

mgyoe.com

mgyoe.com


နဲ့ပဲ ပြောပြော၊ အခြားဘာသာစကားနဲ့ပဲပြောပြော ကျစ်ကျစ်လျစ်လျစ် ရှိစေချင်တာပါ။ မြန်မာ–အင်္ဂလိပ် ညှပ်ပြောတာမျိုးက သိပ်အဆင်မပြေလှဘူး။ ကိန်းဂဏန်းတွေ တစ်လှေကြီး ပေးနေတာမျိုးကလည်း သုတေသီတချို့အတွက် စိတ်ဝင်စားစရာဖြစ်ပေမဲ့ ငါးသိုင်းများတော့ ဟင်းဟုံဆိုသလို အဆုံးမှာ ဘာတွေဖြစ်နေမှန်း မသိရတော့ပါ။

မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဖိုရမ်မှာ စိတ်ဝင်စားစရာကိစ္စတစ်ခုက ခါတိုင်းဆို ရင်းနှီးမြှုပ်နှံမှုကိစ္စတွေကို ပုဂ္ဂလိက ကဏ္ဍက ဆောင်ရွက်ရာမှာ အဓိကအားဖြင့် ကုန်သည်နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းက ဆောင်ရွက်လေ့ရှိတယ်လို့ နားလည်ထားတယ်။ အခု မြန်မာ့ရင်းနှီးမြှုပ်နှံသူ ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ကျင်းပတယ်ဆိုတော့ ကိုယ်တစ်ခါမျှ မကြားဖူးသေးတဲ့ အသင်းဖြစ်နေပေမဲ့ ပါဝင်တဲ့ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ ကြည့်လိုက်တော့လည်း ကိုယ်သိထားတာတွေ ဖြစ်နေတယ်။ ဒီအသင်းက ပြည်တွင်းနဲ့ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကို ချိတ်ဆက်ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်လည်းရှိပြီး လုပ်ဆောင်တယ်ဆိုတော့ ဝမ်းသာသလို၊ အောင်မြင်ပါစေလို့လည်း ဆုတောင်းပါတယ်။

အခု ဖိုရမ်ကိုလာကြတဲ့ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ စင်္ကာပူ၊ ဘရူနိုင်းက ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု မူဝါဒတွေအကြောင်း သေသေချာချာသိချင်ကြ၊ မေးမြန်းကြတာ တွေ့ရတယ်။ မြေကိစ္စကို အတော်လေး စိတ်ဝင်စားကြတယ်။ ရှင်းလင်းတဲ့ စီးပွားရေးမူဝါဒနဲ့၊ ဦးစားပေး အစီအစဉ်တွေကို သိချင်ကြတယ်။ တလောက ငြိမ်းချမ်းရေးညီလာခံမှာ မြန်မာအစိုးရရဲ့ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုပေါ်လစီတွေကို ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက သိပ်မသိကြသေးပါလားလို့ မှတ်ချက်ချခဲ့မိတယ်။ အခုလည်း အဲသလိုပဲ၊ နိုင်ငံတကာအထူးသဖြင့် အာရှနိုင်ငံတွေကတောင် သိပ်ပြီး သိကြသေးပုံ မရဘူးလို့ မှတ်ချက်ချမိတယ်။ ဒါကြောင့်လည်း မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နဲ့ သူ့ရဲ့ရုံးအဖွဲ့ဟာ စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ထိန်းချုပ်တဲ့ အဖွဲ့အစည်းဘဝကနေ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအဖွဲ့အစည်းအဖြစ်ပါ ပြောင်းလဲလာရတာဖြစ်ပုံရပါတယ်။

အခုဖိုရမ်နဲ့ အရင်လုပ်ခဲ့တဲ့ဖိုရမ်တွေ ဘာကွာသလဲမေးကြည့်တော့ အရင်ဖိုရမ်တွေမှာ မြန်မာတွေ သိပ်မတက်ဘူး။ အခုဖိုရမ်မှာ မြန်မာလုပ်ငန်းရှင်တွေ များတယ်လို့ဆိုတယ်။ မူလက လူနည်းနည်းအတွက် ပြင်ဆင်ထားပေမဲ့ အနားနီးမှ တဖြည်းဖြည်း

mgyoe.com

 mgyoe.com 

တိုးလာလိုက်တာ ထောင်ဂဏန်းနီးပါး ဖြစ်သွားတယ်လို့ ဆိုပါတယ်။ ဒီတော့လည်း စီစဉ်သူတွေ ပျာယာခတ်သွားပေမဲ့ နောက်ဆုံးတော့ အဆင်ပြေသွားတာပါ။ ဒီဖိုရမ်မှာ စိတ်ဝင်စားစရာကောင်းတာက ၂၀၁၇ ခုနှစ်မှာ မြန်မာ့စီးပွားရေး ဦးမော့လာမလား ဆိုတဲ့ ကိစ္စပါ။ တာဝန်ရှိသူတစ်ဦးရဲ့ မှန်းဆယုံကြည်ချက်ဟာ ချက်ချင်း လူမှုကွန် ရက်ပေါ် တက်သွားတဲ့အခါ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးစရာဖြစ်သွားတယ်။ မြန်မာ့ စီးပွားရေး တိုးတက်မှာကို လိုလားတဲ့သူတွေချည်း ဖြစ်ပေမဲ့၊ တကယ်တက် မတက်ဆို တာကို သံသယရှိကြသလို၊ တက်အောင်လုပ်ဖို့ ဘယ်လိုနည်းလမ်းတွေ ရှိနေသလဲ ဆိုတာကို အမေးထုတ်ကြပါတယ်။ ဒီကိစ္စဟာ ကိုယ့်ဆီလည်း ရောက်လာတာဖြစ်လို့ ဘာမျှမပြောင်းလဲဘူးဆိုတဲ့ ပုံသေအမြင်နဲ့ ကြည့်ရင်တော့ မတက်ဘူးလို့ တွက်ဆနိုင် တယ်။ ဒါပေမဲ့ ဘယ်လိုဝှက်ဖဲတွေ ရှိနေတယ်မသိ။ ပြီးတော့ ကနေ့ ပြောင်းလဲမယ် မထင်တဲ့ အရာတွေဟာ နေ့ချင်းညချင်း ပြောင်းလဲသွားနိုင်တာ မျိုးတွေဖြစ်လို့ မတက် ဘူးလို့ဆိုပြီး လုံးဝငြင်းပယ်ပစ်လို့လည်း မရနိုင်တဲ့အကြောင်း ပြန်လည်ဆွေးနွေးဖြစ် ပါတယ်။

ဆွေးနွေးပွဲမှာ မကြာခဏကြားရတာက (အထူးသဖြင့် နိုင်ငံခြားသားများထံ က) မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံစရာနယ်ပယ်တွေ အများကြီးရှိတယ်ဆိုပေမဲ့ ဘယ် နယ်ပယ်၊ ဘယ်နေရာကို ဦးစားပေးသလဲဆိုတာ မရှင်းလင်းဘူးလို့ ဆိုပါတယ်။

ဧည့်သည်များက ဆိပ်ကမ်းတွေ၊ ရထားလမ်းတွေလို နယ်ပယ်တွေကိုလည်း စိတ်ဝင်စားကြတာ တွေ့ရတယ်။ ခက်တာက သူတို့ဟာ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ပတ် ဝန်းကျင်နဲ့ တိုးတက်ဖြစ်ထွန်းမှုတွေကို သတင်းအချက်အလက်မရရှိကြဘဲ၊ ဘယ်မှာ ရှာရမှန်း မေးရမှန်း မသိကြတာတွေ့ရတယ်။

မြေယာရရှိနိုင်ရေး၊ ငှားရမ်းနိုင်ရေးနဲ့ ငှားရမ်းခတွေ၊ စျေးနှုန်းတွေအကြောင်း အတော်စိတ်ဝင်တစားမေးကြပေမဲ့ သူတို့ရတဲ့ သတင်းအချက်အလက် တချို့ဟာ လွဲမှားနေတာကို တွေ့ရတယ်။ ပါဝင်ဆွေးနွေးတဲ့ နိုင်ငံခြားသားတစ်ယောက်က တောင် မြန်မာနိုင်ငံမှာ ဘယ်အကျပ်အတည်းဖြစ်စဉ်က ပြည်သူတွေရဲ့ အပ်ငွေတွေ ဆုံးရှုံးပြီး ဘဏ်တွေအပေါ်အယုံအကြည်နည်းကြောင်း ဆွေးနွေးသွားလို့၊ ညစာစားပွဲ ကျမှ အဲဒီသတင်းမမှန်ကြောင်း၊ ဘယ်ပြည်သူတွေရဲ့ ဘဏ်အပ်ငွေတွေ တစ်ပြားတစ် ချပ်မျှ မဆုံးရှုံးကြောင်း ပြန်လည်ဆွေးနွေးခဲ့ရတယ်။ သူကလည်း သူမသိတာ ဝန်ခံ ရှာပါတယ်။

mgyoe.com

mgyoe.com


ဒီဖိုရမ်ကြောင့် ချက်ချင်းလက်ငင်းကြီး ရင်းနှီးမြှုပ်နှံမှုတွေ တက်လာမယ်လို့ မျှော်လင့်ရင်တော့ မှားမှာပါ။ ဒါပေမဲ့ ကိုယ့်နိုင်ငံအကြောင်း မကြားမသိဖူးသူတွေရဲ့ ခေါင်းထဲမှာ ကိုယ်နိုင်ငံကို ရင်းနှီးမြှုပ်နှံစရာ နေရာတစ်ခုအဖြစ် စဉ်းစားမိအောင် လုပ်ပေးနိုင်ခဲ့တယ်လို့ ဆိုရမှာပါ။ တစ်ရက်ခွဲကျင်းပတဲ့ ဒီဖိုရမ်မှာ တချို့ရင်းနှီးမြှုပ်နှံသူတွေ စိတ်ဝင်စားတဲ့ အိုင်စီတီလို ဘာသာရပ်မျိုးတွေ ပါဝင်ခဲ့ခြင်းတော့ မရှိပါဘူး။ မြန်မာ ရင်းနှီးမြှုပ်နှံသူတွေ လုပ်နေတဲ့ လုပ်ငန်းစီမံကိန်းတွေကိုလည်း ချပြနိုင်ခဲ့တာကတော့ ထိရောက်တဲ့ လုပ်ငန်းတစ်ခုဖြစ်တယ်လို့ နားလည်မိပါတယ်။

ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လို့၊ မြန်မာ့စီးပွားရေး တိုးတက်လာတာ မြင်ပါရစေလို့ ဆုတောင်းခဲ့ပါတယ်။

(ခေတ္တ–နေပြည်တော်)

❑

mgyoe.com

mgyoe.com

# [ ၃ ]
## စီးပွားရေးလွတ်လပ်မှု

မကြာသေးမီက ကျွန်တော်ဟာ စီးပွားရေးလုပ်ငန်းများရဲ့ စီးပွားရေးလွတ်လပ်မှုနဲ့၊ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ခုကို၊ ဖိလစ်ပိုင်နိုင်ငံမှာ သွားရောက်တက်ခွင့် ရခဲ့ပါတယ်။ တကယ်တော့ စီးပွားရေးလွတ်လပ်ခွင့်ဆိုတဲ့ ဝေါဟာရကို ယဉ်ပါးနေပေမဲ့၊ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှုတွေတော့ အရင်က မလုပ်ခဲ့ဖူးပါဘူး။ နှစ်စဉ်နှစ်တိုင်း၊ နိုင်ငံ (၁၅၆) နိုင်ငံနဲ့ ဟောင်ကောင်တို့ကို စာရင်းတွေကောက်၊ သုတေသနစစ်တမ်းတွေလုပ်ပြီး ပြုစုထားတဲ့ ကမ္ဘာ့စီးပွားရေးလွတ်လပ်ခွင့် အညွှန်းကိန်းဆိုတာ၊ ကြားတောင်မကြားဖူးခဲ့ပါဘူး။ အဲဒီအညွှန်းကိန်းအရလည်း ကိုယ့်နိုင်ငံက အောက်ဆုံးတစ်နေရာမှာ မထင်မရှားပါနေလေတော့၊ ဒီအကြောင်းအရာနဲ့ စိမ်းနေတာလည်း သိပ်ပြီး မဆန်းလှဘူးလို့ ပြောရမှာပါ။ ၁၉၉၆ ခုနှစ်တုန်းက Jame Gwartney နဲ့ အခြားပညာရှင်တွေ ဖွင့်ဆိုခဲ့တဲ့ စီးပွားရေးလွတ်လပ်မှု (Economic Freedom)ရဲ့ အဓိပ္ပာယ်ကိုကြည့်ရတာ၊ စိတ်ဝင်စားစရာ တွေ့ရပါတယ်။ လူတစ်ယောက်စီမှာ စီးပွားရေး လွတ်လပ်ခွင့်ရှိတယ်။ ဘယ်အခါမှာဆိုတော့ အတင်းအကျပ်ပြု၊ လိမ်ညာ၊ ခိုးဝှက်တာတွေကြောင့် မဟုတ်ဘဲ ရလာတဲ့ပိုင်ဆိုင်မှုတွေကို၊ တခြားသူတွေက ရပ်ပိုင်ဆိုင်ရာ အတင်းအကျပ် ဝင်ရောက်ရယူမှုကနေ၊ ကာကွယ်တားဆီးထားတယ်။ သူတို့ရဲ့ ပိုင်ဆိုင်မှုကို တခြားသူတွေရဲ့ အခွင့်အရေးကို ချိုးဖောက်ခြင်းမပြုသမျှ

mgyoe.com

mgyoe.com


လွတ်လွတ်လပ်လပ် အသုံးပြုနိုင်တယ်။ ဖလှယ်နိုင်တယ်။ ပေးနိုင်တယ်။ စီးပွားရေး လွတ်လပ်မှု ညွှန်းကိန်းဟာ မှန်မှန်ကန်ကန်ရရှိထားတဲ့ ပိုင်ဆိုင်မှုတွေကို ဘယ်လောက် ကာကွယ်စောင့်ရှောက်ပေးထားသလဲ၊ လူတစ်ဦးချင်း၊ လုပ်ငန်းတစ်ခုချင်းဟာ မိမိရဲ့သဘောဆန္ဒအလျောက် ဘယ်လောက်အပေးအယူ အရောင်းအဝယ်လုပ်နိုင်သလဲဆိုတာကို တိုင်းတာပါသတဲ့။

တိုင်းတာပုံ၊ တိုင်းတာနည်းကတော့ (၁) အစိုးရရဲ့ အရွယ်အစားနဲ့အခွန်အကောက်၊ (၂) ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် တရားဥပဒေစိုးမိုးမှု၊ (၃) ခိုင်မာတဲ့ငွေကြေး၊ (၄) ကုန်သွယ်မှုစည်းမျဉ်းစည်းကမ်းတွေနဲ့ အခွန်အခတွေ၊ (၅) စီးပွားရေးလုပ်ငန်းတွေ၊ လုပ်သားနဲ့ အရင်းအနှီးဈေးကွက်တွေနဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေပဲဖြစ်ပါတယ်။ ခိုင်မာတဲ့ ငွေကြေးလို့ဆိုရာမှာ ငွေကြေးတိုးတက်မှု၊ ငွေဖောင်းပွမှု၊ လွတ်လပ်စွာ နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ခွင့် ရရှိမှုတို့ကို ထည့်တွက်တယ်။

သူတို့ရဲ့ လေ့လာချက်အရဆိုရင် (၁၉၈၀) ပြည့်နှစ်လောက်တုန်းက ဆယ်မှတ်ပေးရင် ငါးမှတ်သာသာလောက်ရတဲ့ အဆင့်ကနေ ၂၀၁၃ မှာ ခုနစ်မှတ်နီးပါး ရလာပါတယ်။

သုတေသီတွေရဲ့ အဆိုအရဆိုရင်တော့၊ စီးပွားရေးလွတ်လပ်မှုဆိုတာ တကယ်ကို အခြေခံအခွင့်အရေးတစ်ရပ်ဖြစ်ပြီး၊ စီးပွားရေးလွတ်လပ်မှုမရှိရင်၊ နိုင်ငံရေးနဲ့ ပြည်သူ့လွတ်လပ်ခွင့်တွေ မရနိုင်ပါဘူး။ စီးပွားရေးလွတ်လပ်မှုဆိုတော့ စီးပွားရေးတိုးတက်မှုနဲ့ ဖွံ့ဖြိုးမှုအတွက်လည်း အရေးပါတယ်။ ကျယ်ပြန့်တဲ့ လူသားဖွံ့ဖြိုးမှု အားလုံးအကျုံးဝင်တဲ့ ဖွံ့ဖြိုးမှုတွေအတွက်လည်း စီးပွားရေးလွတ်လပ်မှုဟာ ကြိုတင်လိုအပ်တဲ့ အခွင့်အရေးတစ်ခုဖြစ်တယ်။

စီးပွားရေးလွတ်လပ်မှုမြင့်သာရင် တစ်ဦးကျဝင်ငွေ မြင့်မားမယ်။ ဆင်းရဲနွမ်းပါးမှုနှင့် ဆူကြုံနိမ့်မြင့်ကွာဟမှုတွေ နည်းပါးမယ်။ စီးပွားရေးလွတ်လပ်မှုဟာ အုပ်ချုပ်စီမံမှုတွေ၊ ဒီမိုကရေစီတွေနဲ့လည်း ဆက်စပ်နေတယ်။ နိုင်ငံရေး အခွင့်အရေးတွေနဲ့လည်း ဆက်စပ်နေတယ်။ စီးပွားရေးလွတ်လပ်မှုရှိရင်၊ အကျင့်ပျက်မှုတွေ လာဘ်ပေးလာဘ်ယူမှုတွေ လျော့ပါးစေမယ်။ ကိုယ့်ရဲ့ ဘဝကို ပိုမိုကျေနပ်စေမယ်။ မျှော်မှန်းသက်တမ်း တိုးလာမယ်။ စာတတ်မြောက်မှုနှုန်း မြင့်မားမယ်။

၁၉၇၀ လောက်ကနေ ၂၀၁၃ အတွင်း၊ တောင်အာဖရိကတို့၊ ချီလီတို့မှာ စီးပွားရေးလွတ်လပ်မှု သိသိသာသာ တိုးမြင့်လာတာကို တွေ့ရတယ်။ အဲဒီနိုင်ငံတွေရဲ့

mgyoe.com

mgyoe.com


တစ်ဦးကျ ဝင်ငွေကလည်း သိသိသာသာတက်လာတာကို တွေ့ရတယ်။ အရှေ့တောင်အာရှ၊ တောင်ကိုရီးယားနဲ့ စင်္ကာပူတို့ဆိုလည်း အဲဒီအတိုင်း ယှဉ်ပြီး ယုတ်စွအဆုံး၊ အာဖရိက ဆဟာရဒေသခွဲမှာတောင် တိုးတက်မှုတွေကို တွေ့ရတယ်။

၂၀၁၆ ခုနှစ် ကမ္ဘာ့စီးပွားရေးလွတ်လပ်မှု နှစ်ပတ်လည် အစီရင်ခံစာအရ၊ ဟောင်ကောင်နဲ့ စင်္ကာပူဟာ ထိပ်ဆုံးမှာ ရောက်နေပြီး၊ သူ့နောက်က နယူးဇီလန်၊ ဆွစ်ဇာလန်တို့ လိုက်ကြတယ်။ အမေရိကန်က နံပါတ် (၁၆) ၊ တရုတ်နိုင်ငံက(၁၁၃) ချိတ်တယ်။ (၁၅၉) နိုင်ငံအနက် မြန်မာက (၁၄၈) မှာ ချိတ်တော့ နောက်မှာ (၁၁) နိုင်ငံကျန်နေသေးတယ်။ ဒါ့ကြောင့် ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံက ဆွေးနွေးခွင့်ရတော့ ဒီအညွှန်းကိန်းတွေဟာ မြန်မာနိုင်ငံနဲ့ မသက်ဆိုင်သလို၊ ဖွံ့ဖြိုးတဲ့နိုင်ငံတွေနဲ့သာ သက်ဆိုင်သလို ဖြစ်နေကြောင်း ဆွေးနွေးခဲ့ဖြစ်ပါတယ်။

❑

mgyoe.com

mgyoe.com

# [ ၄ ]
## ပါမောက္ခ - ဂျယာတိ - ဂို့ရှ်၏ မြန်မာနိုင်ငံဖွံ့ဖြိုးရေးစိန်ခေါ်မှုများအမြင်

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့က ပြုလုပ်ခဲ့သော ဆွေးနွေးပွဲတွင်၊ အိန္ဒိယနိုင်ငံ၊ ဂျဝါဟာလာနေရူး တက္ကသိုလ်မှ ပါမောက္ခဂျယာတီဂို့ရှ် (Jayati Ghosh) က မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစိန်ခေါ်မှုများကို အခြားဖွံ့ဖြိုးဆဲနိုင်ငံများမှ၊ သင်ခန်းစာများကို ထင်ဟပ်ပြီး ဆွေးနွေးခဲ့သည်။

ပထမဦးစွာ၊ ဖွံ့ဖြိုးရေး၏ အဓိပ္ပာယ်ကို ပြန်လည်ဖွင့်ဆို ရှင်းပြသည်။ ဖွံ့ဖြိုးမှုကို လူသားနှင့် လူမှုတိုးတက်မှုအဖြစ်၊ အမျိုးမျိုးဖော်ပြကြသည်။ ယခင်က တိုင်းပြည်ဝင်ငွေ (ဂျီဒီပီ) တိုးတက်မှုတစ်ခုတည်းကိုသာ အခြေခံပြီး၊ ခပ်လွယ်လွယ်၊ ခပ်ရိုးရိုး ပြောခဲ့ကြသည်။ ယခုအခါ လူသားဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ ဘက်ပေါင်းစုံက နက်နက်ရှိုင်းရှိုင်း ချဉ်းကပ်လာကြသည်။ လွတ်လပ်မှု၊ လူ့အခွင့်အရေးများ တိုးတက်ရရှိမှု၊ လူသားတို့၏ စွမ်းရည်များ မြင့်မားတိုးတက်လာမှု အစရှိသည်ဖြင့် ဖော်ပြကြသည်။

ပါမောက္ခဂို့ရှ်က၊ ဖွံ့ဖြိုးမှု၏ အခြေခံအဖြစ်၊ နိုင်ငံစီးပွားရေးတွင် ထုတ်လုပ်မှုပုံသဏ္ဍာန်၊ ထုတ်လုပ်မှုစွမ်းအားရှိစွာ ဖြန့်ကျက်ခြင်း၊ ဤသို့ဖြင့် ဆင့်တိုးတန်ဖိုး (Value added) ပိုမိုမြင့်မားသောလုပ်ရပ်များ ဖြစ်ပေါ်လာခြင်းအဖြစ် ရှုမြင်သည်။ တစ်နည်းအားဖြင့်၊ ဖွံ့ဖြိုးမှုဆိုသည်မှာ ထုတ်လုပ်မှုစွမ်းအားရှိသော အသွင်ပြောင်း

mgyoe.com

mgyoe.com


လဲခြင်း (productive transformation) ပင်ဖြစ်သည်ဟု သူက ဆင်ခြင်သုံးသပ်သည်။

ထိုသို့ဆိုရာတွင် အလုပ်လုပ်သူများ၊ ကဏ္ဍတစ်ခုမှ တစ်ခုသို့လည်းကောင်း၊ စီးပွားရေးကဏ္ဍတစ်ခုအတွင်း အလုပ်လုပ်ခြင်းကြောင့်၊ တန်ဖိုး ပိုမိုမြင့်မားစေနိုင်သော လုပ်ငန်းခွင်သို့ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းများလည်း ပါဝင်သည်။

သမားရိုးကျပုံစံဖြစ်သော ပါမောက္ခကုဇနက်၏ စီးပွားရေးအဆောက်အအုံ ပုံသဏ္ဍာန်ပြောင်းလဲသည့် ပုံစံဖြင့်၊ ကိုရီးယားနိုင်ငံ၏ အတွေ့အကြုံကို လေ့လာကြည့်ရှုနိုင်သည်။ ထိုသို့ လေ့လာသည့်အခါ ဂျီဒီပီတွင် အခြေခံထုတ်လုပ်မှုကဏ္ဍ၏ အချိုးအစား၊ လုပ်သားအချိုးအစားတို့ (၁၉၆၃ – ၂၀၀၅) ကာလအတွင်း ကျဆင်းသွားကာ၊ စက်မှုလက်မှုကဏ္ဍ၏ ဂျီဒီပီနှင့်၊ လုပ်သားအင်အားတွင် အရေးပါမှု၊ မြင့်မားတိုးတက်လာသည်ကို တွေ့ရသည်။

ထိုသို့သော တိုးတက်ဖြစ်ထွန်းမှုပေါ်ပေါက်လာ၍ ရှင်းလင်းပြတ်သားသော၊ မဟာဗျူဟာများ ရှိရမည်ဟု ပါမောက္ခကို့ရှ်က ယူဆသည်။

သက်ဆိုင်ရာဌာနများ တာဝန်ရှိသူများအကြားတွင် ညှိနှိုင်းတိုင်ပင်မှုရှိသော စီမံကိန်းချမှတ်မှု ရှိရမည်။ ကုန်သွယ်ရေးနှင့်စက်မှုလက်မှုမူဝါဒများ၊ လူမှုရေးမူဝါဒများ၊ အထူးသဖြင့် တိုက်ရိုက်ချေးငွေပေးရေးနှင့် ပတ်သက်သော ဘဏ္ဍာရေးမူဝါဒများ ရှိရမည်။

ထိုအချက်များက အစိုးရ၏ အခန်းကဏ္ဍအရေးကြီးကြောင်း ညွှန်ပြနေသည်။ သို့ဖြစ်၍ အစိုးရ၏ လုပ်ဆောင်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်သူ့ဘဏ္ဍာကို သုံးစွဲမှုနှင့်ပတ်သက်၍လည်းကောင်း၊ မြင်သာထင်သာရှိရန်၊ ဒီမိုကရေစီသဘော အရ ဆုံးဖြတ်ရန်၊ လူမှုရေးအမြင်က၊ တာဝန်ယူမှု– တာဝန်ခံမှုရှိရန် အရေးကြီးသည်။ သူက ကုန်သွယ်ရေးနှင့် စက်မှုလက်မှုဆိုင်ရာ မူဝါဒများချမှတ်ပုံ သာဓကတချို့ကို ဖော်ပြသည်။

အင်ဒိုနီးရှားရှိ ရေနံလုပ်ငန်း၊ ဖိလစ်ပိုင်ရှိ သတ္တုတွင်းလုပ်ငန်းများကဲ့သို့၊ အဆင့်မြင့်လုပ်ငန်းများ၊ အစိတ်အပိုင်းများ ထုတ်လုပ်သည့်လုပ်ငန်းများ၊ ပြည်တွင်း ထွက်ကုန်၊ အချိုးအစားမည်မျှ ပါဝင်ရမည်ဟု သတ်မှတ်ထားသည်။ ကုန်ကြမ်း အတိုင်း၊ မပြုမပြင် တင်ပို့ရောင်းချသော ကုန်ပစ္စည်းများကို တင်ပို့ခွင့်ပိတ်ပင်ခြင်း၊ အခွန်ကောက်ခြင်းများ ပြုလုပ်ပုံကို ကွန်ဂိုနှင့် ဒိုမီနိကန်သမ္မတနိုင်ငံတို့ကို ဥပမာပြု

mgyoe.com

သည်။ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍအပါအဝင်၊ စီးပွားရေးကဏ္ဍအားလုံး၌ အသေးစားနှင့် ပုဂ္ဂလိက လုပ်ငန်းငယ်များ ရှင်သန်နိုင်ရေးကို ဦးတည်၍ အခြေခံအဆောက်အအုံများ ဖန်တီးပေးခြင်း၊ ချေးငွေနှင့်သွင်းအားစုများ ရရှိစေခြင်း၊ အရောင်းမြှင့်တင်နိုင်စေရန် ဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်သည်။ လုပ်ငန်းတူများ၊ လုပ်ငန်းငယ်များကို စုစည်း၍၊ ကျယ်ပြန့်လာသည်နှင့်အမျှ၊ စရိတ်သက်သာရာရအောင် ဖန်တီးပေးသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အာဆီယံအသင်းကြီးက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် ခွင့်ပြုထားသော၊ သက်သာခွင့်များကို ရယူခံစားနိုင်သည်။ သို့သော် သဘောတူစာချုပ်အသစ်များ လက်မှတ်ရေးထိုးရာတွင် မူဝါဒအရ လုပ်သာကိုင်သာရှိစေရန် အထူးသတိထားသင့်သည်။

အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သော နိုင်ငံများနှင့် အငြင်းပွားမှု ဖြေရှင်းကိစ္စများကို အိန္ဒိယကဲ့သို့သော နိုင်ငံများထံမှ အတုယူကာ၊ သတိထားဆောင်ရွက်သင့်သည်။

ပါမောက္ခက၊ လူမှုရေးဆိုင်ရာ မူဝါဒများကို ဖွံ့ဖြိုးရေးမူဝါဒအဖြစ် ထည့်သွင်းစဉ်းစားရေးဆွဲရန်လည်း အကြံပြုသည်။ အာဟာရပြည့်ဝရေး၊ သန့်ရှင်းရေး၊ ကျန်းမာရေး၊ ပညာရေးတို့ကို အထူးဦးစားပေးကာ၊ အခြေခံဝန်ဆောင်မှုများကို ပြည်သူလူထုအားလုံး ကျယ်ကျယ်ပြန့်ပြန့် ခံစားနိုင်ရေးအတွက် ချဲ့ထွင်ဆောင်ရွက်ပေးရန် အကြံပေးသည်။

သာဓကအနေဖြင့်၊ ဆွီဒင်၊ နော်ဝေ၊ ဒိန်းမတ်နှင့် ဖင်လန်နိုင်ငံများတွင်လည်းကောင်း၊ အောင်မြင်သော အာရှစက်မှုနိုင်ငံများဖြစ်သည့် ဂျပန်၊ တရုတ်နှင့်အရှေ့အာရှရှိ ထွန်းသစ်စ စက်မှုနိုင်ငံများ၌လည်းကောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ရုပ်ဝတ္ထုနှင့် လူမှုအခြေအနေများသာမက၊ ကျား–မ တန်းတူညီမျှရေးကိုပါ ထိုသို့သော ဆောင်ရွက်မှုများကြောင့်၊ ကောင်းမွန်လာစေနိုင်ပါသည်။ ဆင့်ပွားအကျိုးသက်ရောက်မှုများကြောင့်၊ အလုပ်အကိုင်နှင့် စီးပွားရေးတိုးတက်မှုကို တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်သောနည်းအားဖြင့်လည်းကောင်း၊ အပြုသဘောအကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်သည်။ စီးပွားရေးဖွံ့ဖြိုးမှု မြန်ဆန်ခြင်းကြောင့် ပေါ်ပေါက်လာတတ်သော လူမှုတင်းမာမှုများကို ဖြေရှင်းရန်အတွက်လည်း အထောက်အကူဖြစ်စေနိုင်သည်ဟု သူကဆိုသည်။

ဈေးသင့်တင့်သော အတန်အသင့်အရည်အသွေးကောင်းသော အိမ်ယာများ၊

mgyoe.com

mgyoe.com

လမ်းပန်းများ၊ အခြေခံစားသောက်ကုန်၊ ကျောင်းပညာရေးနှင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ဖြည့်ဆည်းပေးခြင်းအားဖြင့်၊ အလုပ်သမားများ၏ လူနေမှု အဆင့်အတန်းကို မြင့်မားစေကာ၊ ကျန်းမာကြံ့ခိုင်သော အလုပ်သမားများ ဖြစ်လာကြပြီး၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအတွက်လည်း လုပ်အားခ အကုန်အကျခံရမှု သက်သာသွားစေနိုင်သည်။ ထုတ်လုပ်သူများအနေဖြင့် ပုံသေစရိတ်မှ အချိုးအစား အများစုကို ထိထိရောက်ရောက် လျှော့ချနိုင်သဖြင့်၊ ပြင်ပဈေးကွက်တွင် ပြိုင်ဆိုင်ရာ၌၊ ပို၍ လုပ်သာကိုင်သာရှိသော အခြေအနေမျိုးကို ဖြစ်စေနိုင်သည်။

ဝင်ငွေပုံမှန်ရရှိရေးကို အာမခံနိုင်သော၊ ပြည်သူအားလုံးအတွက် အခြေခံကျသော လူမှုဝန်ဆောင်မှုများ ရရှိစေသော၊ လူမှုရေးမူဝါဒများကို ပေါင်းစပ်ချမှတ်သင့်သည်။ အထူးသဖြင့် ထိခိုက်လွယ်သော အုပ်စုများကို အထူးအာရုံစိုက်ပြီး သူတို့၏ ဘဝတစ်လျှောက် ကာကွယ်စောင့်ရှောက်ခြင်း၊ လုပ်ပိုင်ခွင့်ပြုခြင်းများ လုပ်ပေးသင့်သည်။

အာမခံချက်ပေးရာတွင် ငွေသားအနေဖြင့်သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း၊ အသက်ကြီးသူများ မသန်စွမ်းသူများအတွက် ပင်စင်ပေးခြင်း၊ ကလေးငယ်များအတွက် အကျိုးခံစားခွင့်ပေးခြင်း၊ အလုပ်လက်မဲ့နှင့် ဆင်းရဲသော အလုပ်သမားများအတွက် ဝင်ငွေကို ဖြည့်ဆည်းပေးသည့် အကျိုးခံစားခွင့်များ၊ ဝန်ဆောင်မှုများတို့ ပါဝင်သည်။

အခြေခံကျကာ၊ ၎င်းတို့ လက်လှမ်းနိုင်သည့် လူမှုဝန်ဆောင်မှုများကို အားလုံး ရယူနိုင်စေရန် ဆောင်ရွက်ရာတွင်၊ ကျန်းမာရေး၊ ရေနှင့်သန့်ရှင်းရေး၊ ပညာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အိမ်သာနှင့် အခြားနိုင်ငံ၏ ဦးစားပေးအစီအစဉ်အရ သတ်မှတ်ထားသော နယ်ပယ်များလည်း ပါဝင်သည်။

လူမှုကာကွယ်ရေး မဟုတ်သော်လည်း လုပ်ခရသော အလုပ်အကိုင်များ ဖန်တီးပေးရန် လိုအပ်သည်။

ဤနေရာတွင် ပါမောက္ခက၊ အထက်ပါ ၎င်း၏အဆိုပြုချက်များအတိုင်း ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအနေဖြင့် တတ်နိုင်ခြင်း၊ ဖြစ်နိုင်ခြင်း ရှိ–မရှိ အမေးထုတ်ထားသည်။

စွမ်းအားစု အကန့်အသတ်ဖြင့်ရှိနေသော နိုင်ငံများ၌ပင်၊ အခြေခံလူမှု ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များသည် တိုင်းပြည်ဝင်ငွေ၏ အနည်းငယ်မျှသော

mgyoe.com

mgyoe.com


အချိုးအစားသာ ကုန်ကျသည်။ ဘီနင်း၊ အပ်အာဗေဒို၊ မိုဇမ်ဘစ်နှင့် ဗီယက်နမ်တို့ကဲ့သို့သော အဓိကလူမှုစောင့်ရှောက်ရေး အစီအစဉ်များရှိသည့် နိုင်ငံများ၌ပင်လျှင် စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) ၏ 1% - 2% မျှသာ ကုန်ကျသည်။ ဤပမာဏသည် ချမ်းသာကြွယ်ဝသူများထံမှ၊ ထိထိရောက်ရောက် ကောက်ခံခြင်း မပြုနိုင်သောအခွန်များ၊ လေလွင့်နေသော အသုံးစရိတ်များကို မဖြေရှင်းနိုင်ခြင်းတို့နှင့် နှိုင်းယှဉ်လျှင် အလွန်တရာမှ သေးငယ်လှသည်။ ရေရှည်တွင် ဤစီမံကိန်းများသည် ကုန်ရကျိုးနပ်သည်။ လုပ်သားများ၏ ထုတ်လုပ်မှုစွမ်းအားကို တက်စေနိုင်ခြင်း၊ လူ့အဖွဲ့အစည်း ပိုမိုကြံ့ခိုင်လာခြင်း၊ နိုင်ငံရေး တည်ငြိမ်မှုရှိခြင်းဟူသော အကျိုးကျေးဇူးများကိုခံစားရစေနိုင်သည်။

အခွန်အကောက်မှ ရငွေတိုးလာခြင်း၊ သယံဇာတများမှ ရရှိသော အကျိုးစီးပွားများကို ပိုမို၍ ဖိဖိစီးစီး ဆောင်ရွက်ခြင်းတို့ဖြင့် လုပ်သာကိုင်သာရှိသော၊ ဘဏ္ဍာရေးအခြေအနေတစ်ရပ်ကို ဖြစ်ပေါ်စေနိုင်ပါသည်။

အများပြည်သူရင်းနှီးမြှုပ်နှံမှု တိုးပွားလာခြင်းကြောင့်၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို လျော့ပါးမသွားစေနိုင်သည့်အပြင် ပို၍ပင် တိုးပွားလာစေနိုင်သည်။ အထူးသဖြင့် ပြည်သူပိုင်ကဏ္ဍာ၊ ရပ်ပိုင်းနှင့် လူမှုရေးအခြေခံ အဆောက်အအုံများတွင်၊ ရင်းနှီးမြှုပ်နှံလျှင် နောက်က ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ လိုက်ပါလာစေနိုင်သည်။ တိကျသောအခွန်အကောက်များ သတ်မှတ်ကြ၊ အခွန်စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာစေခြင်း၊ အခွန်ကို လိုလိုလားလား ပေးဆောင်လာစေခြင်း နည်းများဖြင့်၊ တိုက်ရိုက်အခွန်ကောက်ခံရရှိမှု၊ ပိုမိုတိုးပွားလာစေနိုင်သည်။

နိုင်ငံစုံကော်ပိုရေးရှင်းကြီးများနှင့် ဆက်ဆံချုပ်ဆိုရာတွင် သေသေချာချာ ကြိုတင်ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းနည်းများဖြင့် သဘာဝသယံဇာတများမှ ရရှိသောအကျိုးကျေးဇူးကို တတ်နိုင်သမျှ များများရရှိစေရန် ဆောင်ရွက်ပြီး၊ ၎င်းကို အီကွေဒေါ၊ ဘိုလီးဗီးယားတို့၌ ကျင့်သုံးသကဲ့သို့၊ အများပြည်သူတိုက်ရိုက်အကျိုးရှိသည့် လုပ်ငန်းများအတွက် သုံးစွဲခြင်း ပြုလုပ်သင့်သည်။ ထိုသို့ ဆောင်ရွက်ရာတွင်၊ ပြည်သူအသုံးစရိတ်သုံးစွဲပုံ သုံးစွဲနည်း၊ မြင်သာထင်သာရှိကာ၊ အများပြည်သူကို တာဝန်ယူမှု – တာဝန်ခံမှု ရှိရမည်ဖြစ်ကြောင်း၊ ပါမောက္ခက ထောက်ပြသည်။

ဆက်လက်၍ ပါမောက္ခဂျယာတီဂို့ရှ်က၊ အရှေ့တောင်အာရှရှိ ထွန်းသစ်စနိုင်ငံဈေးကွက်များတွင် တွေ့ကြုံခဲ့ရသော သင်ခန်းစာများကို ထောက်ပြသည်။

mgyoe.com

 mgyoe.com 

ဖွံ့ဖြိုးရေးဘက်ကဲ့သို့သော အဖွဲ့အစည်းများမှတစ်ဆင့်၊ ဖွံ့ဖြိုးရေးအတွက်၊ တိုက်ရိုက်ချေးငွေထုတ်ချေးခြင်းသည်၊ ဖွံ့ဖြိုးရေးအတွက် အရေးကြီးသည်။

ဘဏ္ဍာရေးကဏ္ဍကို ဖြေလျှော့ပေးခြင်း၊ လွတ်လပ်ခွင့်ပေးခြင်းသည် ဘဏ္ဍာရေးစနစ်ကို နက်နက်ရှိုင်းရှိုင်း ဖြစ်စေသော်လည်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် အမှန်တကယ် စီးပွားရေးတိုးတက်မှုအပေါ်၊ အကျိုးပြုနိုင်ခြင်းမရှိပါ။ စုဆောင်းမှု အပိုအလျှံများသာ တိုးပွားစေပြီး၊ ၎င်းတို့ကို ပြည်ပသို့ တင်ပို့ကြကာ၊ ထုတ်လုပ်မှုလုပ်ငန်းများ ဖြန့်ကျက်လုပ်ဆောင်မှုကို အဟန့်အတားဖြစ်စေသည်။ ပြည်တွင်းစီးပွားရေးသည်လည်း ကမ္ဘာ့စီးပွားရေး သံသရာနှင့် ဆက်စပ်ပြီး အတက်အကျများကို ဖြစ်ပေါ်စေနိုင်သည်။ ပြည်တွင်းတိုးတက်မှုသည် စားသုံးသူချေးငွေအပေါ် အားကိုးနေရကာ၊ ထိုချေးငွေများကြောင့် အိမ်ရာမြေများ ဈေးကြီးမှု၊ ၎င်းတို့နှင့် ဆက်နွှယ်သော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မှုတို့ကို ဖြစ်ပေါ်စေနိုင်သည်။

စီးပွားရေးကျဆင်းမှုနှင့် ကြုံရသည့်အခါ၊ အိမ်ထောင်စုများ၏ ကြွေးမြီများ၊ မထိန်းနိုင်၊ မသိမ်းနိုင်လောက်အောင် ပုံနေပြီး ဘဏ်များ၏ ရှင်သန်ရပ်တည်နိုင်စွမ်းနှင့် ရင်းနှီးမြှုပ်နှံမှုတို့အပေါ်၊ ဆိုးဝါးသော အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်သည်။

ပါမောက္ခက၊ ဘဏ်များကို ဖြေလျှော့ပေးခြင်း၊ လွတ်လပ်ခွင့်ပေးခြင်းသည် ဆိုးကျိုးများကို သက်ရောက်စေနိုင်ကြောင်း သုံးသပ်တင်ပြထားသည်။

❑

mgyoe.com

mgyoe.com

# [ ၁ ]
## မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးရေးစိန်ခေါ်မှုများ အိန္ဒိယပါမောက္ခ- စီပီချန်ဒရာဆီခါ၏ အမြင်

ဩဂုတ်လ (၂၇) ရက်နေ့က မြန်မာနိုင်ငံမှ ဘောဂဗေဒပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးကြရာတွင် အခြားအိန္ဒိယပညာရှင် (စီပီ–ချန်ဒရာဆီခါ) ကလည်း မြန်မာနိုင်ငံနှင့် ပတ်သက်သော ဖွံ့ဖြိုးရေးစိန်ခေါ်မှုများကို ၎င်း၏အမြင်အတိုင်း ဆွေးနွေးခဲ့ပါသည်။ ထိုသို့ ဆွေးနွေးရာတွင် မြန်မာနိုင်ငံအတွက် ဖော်နည်းကားပေးသကဲ့သို့ မဟုတ်ဘဲ၊ မြန်မာကဲ့သို့သော နိုင်ငံတစ်နိုင်ငံ၊ တွေ့ကြုံရင်ဆိုင်စရာ၊ ရှောင်ရှားစရာများကို ချင့်ချိန်စဉ်းစားနိုင်ရန် ဆွေးနွေးမည်ဖြစ်ကြောင်း စကားခံထားခဲ့သည်။ အမြင်တွေ ကွဲပြားနိုင်စရာ ရှိကြောင်းကိုလည်း ကြိုတင်ဝန်ခံထားခဲ့သည်။

သူက၊ မြန်မာနိုင်ငံသည် အကြောင်းတရား သုံးခုကြောင့် ထူးခြားနက်နဲကြောင်း၊ ၎င်းတို့မှာ – (၁) အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ ကူးပြောင်းခြင်း၊ (၂) ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဗဟိုမှချုပ်ကိုင်ခြင်း၊ (၃) အထီးကျန်နိုင်ငံဘဝကို ပြင်ပကလည်းပို့၊ ကိုယ်တိုင်ကလည်း ရွေးချယ်ကျင့်သုံးခဲ့ခြင်းတို့ ဖြစ်သည်။ ထိုအခြေအနေသုံးခုကြောင့်၊ အမြင်များအပေါ် ဩဇာသက်ရောက်ခြင်း၊ တချို့သော ရွေးချယ်စရာ လမ်းကြောင်းများကို ငြင်းပယ်ခြင်းများ ဖြစ်စေခဲ့သည်။ ယခု ဆွေးနွေးရာတွင် နောက်ကြောင်းပြန်မသွားဘဲ၊ အနာဂတ်အတွက် အတွေးသစ်များ ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။

mgyoe.com

ဖွံ့ဖြိုးရေး မဟာဗျူဟာတစ်ခုသည် အထူးသတ်မှတ်ထားသော လုပ်ငန်းစီမံကိန်းများ၊ အချို့သော လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် သာမန်အသုံးစရိတ်အချို့ကို သေချာပေါက် ခွဲဝေပေးသော မဟာဗျူဟာတစ်ခုလည်း ဖြစ်ပါသည်။ အထူးသဖြင့် ထိုသို့သော ဦးစားပေးအစီအစဉ်ကို ဈေးကွက်တွင် ထင်ထင်ရှားရှား သိသိသာသာ မတွေ့ရပါ။ သို့သော်လည်း ဈေးကွက်တွင် အားနည်းချက်များ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကဲ့သို့သော၊ ဒုက္ခပေးသည့် နယ်ပယ်များလည်း ရှိပါသည်။ အများအားဖြင့် ဈေးကွက်၏ အားနည်းချက်နှင့် ပတ်သက်၍ အသုံးများသည့် ဥပမာတစ်ခုမှာ နိုင်ငံတစ်ခုလုံး၏ စီးပွားရေးအတွက် သိသိသာသာ အကျိုးထူးပြီး ပြင်ပအကျိုးသက်ရောက်မှု ကြီးမားသည့် အခြေခံ အဆောက်အအုံကဲ့သို့သော ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းမရှိသည့် ကိစ္စပင်ဖြစ်ပါသည်။ ထိုကဲ့သို့သောအခါမျိုးတွင် မူဝါဒဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်ပေါက်မြောက်ရေးအတွက် အစိုးရက ဝင်ရောက်စွက်ဖက်ခြင်း၊ ကြိုတင်စီမံကိန်းချထားသော၊ စွက်ဖက်ခြင်းများ လိုအပ်မည် ဖြစ်ပါသည်။

ဤသို့သော မဟာဗျူဟာမျိုးတွင် မည်သို့ပင် ရေရေရာရာ မရှိစေကာမူ လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများနှင့် အသုံးစရိတ်များ (အထူးသဖြင့် ပြည်သူ့ပိုင်ကဏ္ဍတွင်၊ ရင်းနှီးမြှုပ်နှံမှုများ) ရရှိရေးအတွက် လျာထားချက်တွေ ရည်မှန်းချက်တွေ၊ ရည်မှန်းချက်တွေ ထားရှိရပါမည်။ တစ်ဖက်တွင် ဦးစားပေးနယ်ပယ်များ၌ ရောင်းလိုအားတက်လာသောအခါ ထိုတက်လာသော ရောင်းလိုအားနှင့် လိုက်လျောညီထွေသော၊ ဝယ်လိုအားလည်း တက်လာရပါမည်။ ရောင်းလိုအား တက်လာသော်လည်း ဝယ်လိုအား တက်မလာခဲ့သော်၊ ထိုရင်းနှီးမြှုပ်နှံမှုသည် အလဟဿဖြစ်သွားပါမည်။ တစ်နည်းအားဖြင့် ရောင်းလိုအားသည် ပေါ်ထွက်လာမည်။ သို့မဟုတ် ဖြစ်လာနိုင်သည့် ဝယ်လိုအားနှင့် ကိုက်ညီမှုရှိရပါမည်။ ပို့ကုန်ဦးဆောင်သော မဟာဗျူဟာမျိုးသည် ထိုကဲ့သို့သော ဗျူဟာဖြစ်ပါသည်။ ကမ္ဘာ့ဝယ်လိုအား အပြောင်းအလဲမှ ပေါ်ပေါက်လာသော အခွင့်အလမ်းများနှင့် ကိုက်ညီသော ထုတ်လုပ်တင်ပို့မှု စွမ်းရည်မြင့်မားအောင် ဆောင်ရွက်ရပါမည်။

ဤနေရာတွင် ပို့ကုန်ဦးဆောင်သော မဟာဗျူဟာသည် လက်ရှိကာလနှင့် သင့်တော်ခြင်း မရှိပါ။ လောလောဆယ်တွင် ကမ္ဘာ့ဝယ်လိုအား နှေးကွေးမှုကြောင့်၊ ပို့ကုန်က ဦးဆောင်သော စီးပွားရေးတိုးတက်မှုကို ရရှိရန် ခက်ခဲပါသည်။ ၂၀၁၅

mgyoe.com

mgyoe.com


ခုနှစ်သည် ကမ္ဘာ့ကုန်စည်ရောင်းဝယ်မှု နှစ်စဉ်တိုးတက်မှုနှုန်း (3)% အောက်၊ လေးနှစ်ဆက်တိုက်ပြနေသော နှစ်ဖြစ်ပါသည်။ ၂၀၁၅ တွင် 2.8% သော တိုးတက်မှုနှုန်းသာ ရရှိခဲ့ကာ၊ ၂၀၁၆ တွင်လည်း ကမ္ဘာ့ကုန်သွယ်ရေး တိုးတက်မှုနှုန်းသည် 2.8% ဥ္စသာ ဆက်လက်ရှိနေမည်ဟု ခန့်မှန်းရပါသည်။ ထိုသို့ ခန့်မှန်းချက်ထက်တက်ရန်မရှိ၊ ပို၍ကျရန်သာ အလားအလာရှိပါသည်။ တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးမည်ဟု တွက်ဆကြပြီး၊ ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက် အတက်အကျပိုကြမ်းလာခြင်း၊ နိုင်ငံခြားကြွေးမြီတင်ရှိနေသော နိုင်ငံများ၊ ငွေဖလှယ်နှုန်း အတက်အကျ အပြောင်းအလဲ မြန်သည့် ပြဿနာနှင့် တွေ့ကြုံနေရခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပို့ကုန်သည် အရေးကြီးသည်မှာ မှန်သော်လ ည်း တိုးတက်မှုရရှိရေးအတွက် ခေါင်းတွဲတစ်ခု မဟုတ်ပါ။ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် စားသုံးမှုကို အထောက်အကူပြုရန် လိုအပ်သော သွင်းကုန်များဝယ်ယူရေးအတွက်၊ လိုအပ်သော နည်းလမ်းတစ်ခုအဖြစ်ဖြင့်သာ အရေးပါနေခြင်း ဖြစ်ပါသည်။

ကံကောင်းသည်မှာ မြန်မာနိုင်ငံက ဤနေရာတွင် အခြားနိုင်ငံများထက် အခြေအနေကောင်းနေခြင်း ဖြစ်ပါသည်။ သစ်တင်ပို့မှုကို ဖယ်လိုက်လျှင်ပင်၊ အဝတ်အထည်၊ ကျောက်မျက်၊ သတ္တု၊ သဘာဝဓာတ်ငွေ့တို့နှင့် ထပ်မံတိုးချဲ့နိုင်သည့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းတို့က မဝေးသော အနာဂတ်တွင် နိုင်ငံခြားငွေ လိုအပ်လာနိုင်သည်ကို ဖြည့်ဆည်းရန်အတွက်၊ အတော်အတန်စုံလင်သော အမျိုးအမည်တွေ ဖြစ်နေပါသည်။

သို့ဖြစ်ရာ သင့်တင့်သော နိုင်ငံခြားငွေရှာဖွေနိုင်စွမ်းရှိအောင်၊ အားပေးထားသော ပြည်တွင်းဈေးကွက်အပေါ်တွင် အခြေခံသည့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် မဟာဗျူဟာတစ်ရပ် လိုအပ်ပါသည်။ တိုးတက်မှုရရှိကာ ထိုတိုးတက်မှုမှ အကျိုးခံစားရရန်အတွက် ပြည်တွင်းဈေးကွက်နှင့် အခြေခံအဆောက်အအုံများ၊ ကြီးထွားလာရန်သည် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။

လူဦးရေ၏ 70% ခန့်သည် ကျေးလက်ကိုအခြေခံသော အထူးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ရာ၊ လယ်လုပ်သူ လယ်ပိုင်အောင် အနည်းဆုံး ပိုမိုစိတ်ချရသော မြေယာပိုင်ဆိုင်မှု စနစ်များ ပေါ်ပေါက်လာစေမည့် မြေယာပြုပြင် ပြောင်းလဲမှု၊ ထုတ်လုပ်မှုစွမ်းအားကို မြင့်မားလာစေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုများမှ တစ်ဆင့်၊

mgyoe.com

mgyoe.com


လယ်ယာစိုက်ပျိုးရေးမှ ရရှိသောဝင်ငွေ တိုးပွားရေးနှင့် ညီညီမျှမျှ ပိုမိုရှိရေးတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤနေရာတွင် နောက်ဆုံးအလုပ်ရှင် (employer of last rESort) အဖြစ် ဆောင်ရွက်ရသော အစိုးရက ကူညီထောက်ပံ့ရန် လိုအပ်ပါသည်။ စိုက်ပျိုးရေး အခြေပြုစီးပွားရေးလုပ်ငန်းများကို အလွန်အမင်း အားကိုးခြင်း၊ လယ်ယာမြေဆုံးရှုံးမှု ကြီးမားလာစေခြင်းတို့သည် ခုတ်ရာတခြား၊ ရှရာတလွဲ ဖြစ်စေနိုင်ပါသည်။

အခြားလိုအပ်ချက်တစ်ခုမှာ ပြည်တွင်းဈေးကွက် အခြေခံသော တိုးတက်မှုရရှိရေးအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုအခြေခံ အဆောက်အအုံနှစ်ခုစလုံးတို့တွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။ ဆည်မြောင်းများ၊ ရေထုတ်မြောင်းများ၊ ရေကာတာများ သာမက လမ်းများ၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖြန့်ဖြူးရေး စသည်တို့တွင် ရင်းနှီးမြှုပ်နှံရပါမည်။ နိုင်ငံခြားငွေရရှိရေးနှင့် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံရေးတို့အတွက် ဆိပ်ကမ်းနှင့် လေဆိပ်ကဲ့သို့သော နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်လည်း လိုအပ်ပါသည်။

ငယ်မျှသာ အထောက်အကူပြုနိုင်ပြီး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ သည်လည်း အကျိုးကျေးဇူးများသော၊ အစိုးရက သက်သာခွင့် သိသိသာသာပေးသော နယ်ပယ်များတွင်သာ အာရုံစိုက်ကြကြောင်း တွေ့ရပါသည်။ အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးတိုး တက်ရေးအတွက် နိုင်ငံတကာ ပုဂ္ဂလိက အရင်းအနှီးများကို အားကိုးအားထားပြုရမည်။ ဘဏ္ဍာရေး လွတ်လပ်ခွင့်ပြုခြင်းကြောင့်၊ ရေရှည် ငွေချေးစာချုပ် ဈေးကွက်တိုး တက်ထွန်းကားလာနိုင်သည်ဟု ယူဆသော အယူအဆများသည် အဓိပ္ပာယ်မရှိသလို၊ သာဓကလည်း မတွေ့ရပါ။

စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံတို့ ပြီးလျှင်၊ ပြည်တွင်းဈေးကွက် အခြေခံသော တိုးတက်မှုမဟာဗျူဟာအတွက်၊ တတိယလိုအပ်ချက်မှာ ပြည်တွင်းစွမ်းအားစု စုစည်းမှုပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အခွန်နှင့် ဂျီဒီပီ၏ တချို့အစားမှာ ဆိုးဆိုးဝါးဝါးနိမ့်ကျနေပြီး၊ သွယ်ဝိုက်ခွန်အပေါ်တွင် မှီခိုမှု အလွန်အမင်းကြီးမားပါသည်။ သွယ်ဝိုက်ခွန်သည် ငွေဖောင်းပွမှုကို ဖြစ်စေပြီး ဆက်လက်၍ အလွန်အမင်း မှီခိုနေလျှင်၊ ဈေးကွက်၏ တိုးတက်မှုကို အဟန့်အတားဖြစ်စေပါသည်။ အခြေခံမကျသော၊ ဖိမ်ခံပစ္စည်းများကို အခွန်ကောက်ရန်နှင့် အသုံးစရိတ်များလေ အခွန်တိုး

mgyoe.com

mgyoe.com


ကောက်ရရန် လိုအပ်သော်လည်း နောက်ဆုံးတွင် အဆင့်ဆင့်တိုးသွားသော တိုက်ရိုက်အခွန်ကို မလွဲမသွေဆောင်ရွက်ရပါမည်။ ပုဂ္ဂလိက ကဏ္ဍကို အားပေးရန် ရည်ရွယ်သော အခွန်လွတ်ခွင့်နှင့် သက်သာခွင့်များပေးခြင်းတို့ကို စွန့်ပယ်သင့်ပါသည်။

ထိုသို့ဆောင်ရွက်ရန် အချိန်ယူရပါမည်။ ကြားကာလတွင် လိုငွေပြဘတ်ဂျက်ကို စွန့်ပယ်ရန်၊ မလိုအပ်သေးပါ။ လောလေဆယ် ရရှိနိုင်သော နိုင်ငံခြားငွေဖြင့် ဖြေရှင်းမပေးနိုင်သော၊ ရောင်းလိုအားဘက်က အကန့်အသတ်များရှိနေမှသာ လိုငွေပြဘတ်ဂျတ်သည် အလွန်အမင်း ငွေဖောင်းပွမှုကိုဖြစ်စေပါသည်။ တစ်ဖက်က ဝယ်လိုအားကိုဖြစ်စေပြီး တစ်ဖက်က တစ်ပြိုင်နက်တည်း ရောင်းလိုအားဘက်က အကန့်အသတ်များကို ဖြေရှင်းပေးနိုင်သော အသုံးစရိတ်သည် ပြဿနာ၏ အဖြေဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရန် ခက်ခဲသော်လည်း တက်ကြွနိုးကြားသော အစိုးရတစ်ရပ်အတွက် မလုပ်နိုင်စရာမရှိပါ။

နိုင်ငံခြားအကူအညီသည် အပြောင်းအလဲတွေ ထူးထူးခြားခြားဖြစ်အောင် ဆောင်ရွက်နိုင်ပါသည်။ သို့သော် နိုင်ငံခြားအကူအညီ၏ အစိတ်အပိုင်းအနည်းငယ်မျှသာ ခွင့်ပြုငွေ (Grants) ဖြစ်ပြီး၊ ကျန်ငွေများမှာ၊ ချေးငွေများ ဖြစ်ပါသည်။ နိုင်ငံခြားငွေထက်၊ ပြည်တွင်းငွေဖြင့် ချေးခြင်းက ပိုကောင်းပါသည်။ ချေးငွေပုံစံဖြင့် နိုင်ငံခြားအကူအညီရယူခြင်းသည် ရေတိုတွင် နိုင်ငံခြားငွေ မလုံလောက်မှုကို သက်သာစေရန်အတွက်သာ အထောက်အကူ ဖြစ်ပါသည်။

အလားတူပင် ဗဟိုဘဏ်နှင့် ငွေကြေးမူဝါဒ လွတ်လပ်ခွင့်ရှိစေရန်ဆိုပြီး လိုငွေကို ငွေစက္ကူရိုက်နှိပ်ခြင်းမှ ရှောင်ရှားခြင်းသည်လည်း မဖြစ်မနေလုပ်ရမည့် ကိစ္စမဟုတ်ပါ။ ၂၀၀၈–၂၀၀၉ အကျပ်အတည်းကာလက အမေရိကန်ဗဟိုဘဏ်၏ လုပ်ကိုင်ပုံကို ကြည့်ပါ။ သဘောတရားအရ၊ လွတ်လပ်သော ဈေးကွက်တွင် ဝင်ရောက်ချေးယူခြင်းထက်၊ ငွေစက္ကူရိုက်ခြင်းကြောင့် ငွေဖောင်းပွမှု ပို၍ဖြစ်မည်ဟု မဆိုနိုင်ပါ။ တစ်ဖက်တွင် ပုဂ္ဂလိကဈေးကွက်မှ အတိုးနှုန်းသည် ဘတ်ဂျက်အခက်အခဲကို ပို၍ဆိုးဝါးစေနိုင်ပါသည်။

ထို့အပြင် မူဝါဒရေးရာ၌ ငွေလုံးငွေရင်း လွတ်လပ်ခွင့်ကိုပါ ထည့်ထားလျှင် လွတ်လပ်မှုဆိုသည်မှာ ယုံတမ်းစကားတစ်ခုသာ ဖြစ်နေပါသည်။

နောက်ဆုံးအနေဖြင့် ဘဏ်များ၊ အာမခံကုမ္ပဏီများ ပါဝင်သော ဘဏ္ဍာရေးကဏ္ဍကို ဖွံ့ဖြိုးရေးအတွက် လက်နက်ကိရိယာအဖြစ် အသုံးပြုရန် လိုအပ်ပါသည်။

mgyoe.com

ရေရှည် ရင်းနှီးမြှုပ်နှံမှုများအတွက် ငွေကြေးစွမ်းအားစုများကို စုစည်းပေးနိုင်သည့် အထူးဘဏ္ဍာရေး အဖွဲ့အစည်းများ တည်ထောင်ရန်လည်း လိုအပ်ပါသည်။ လွတ်လပ်သော ဘဏ္ဍာရေးစနစ်သည် စွမ်းရည်မြင့်သော ဈေးကွက်ကို ပေါ်ပေါက်စေကာ၊ ငွေကြေးများ အမြင့်ဆုံးစုစည်းပေးနိုင်ပြီး အကျိုးကျေးဇူးအများဆုံးရှိမည့် လုပ်ငန်းများကို ခွဲဝေပေးနိုင်မည်ဟူသော အဆိုသည်လည်း လက်တွေ့တွင် မဖြစ်နိုင်သော၊ ယူဆချက်များအပေါ်တွင် အခြေခံထားသည်။

❑

mgyoe.com

mgyoe.com

[ ၆ ]
"နိုင်ငံခြားငွေဖလှယ်နှုန်းကို ပြဋ္ဌာန်းသောအချက်များနှင့် ပတ်သက်သည့် သီအိုရီများနှင့် ငွေကြေးမူဝါဒ"

ဒေါက်တာခင်မောင်ညွန့် School of Management Mae Fah Luang University၊ Thailand ရေးသားသော Recent developments in Microstructure approach to exchange rate determination and implications for monetary policy စာတမ်းကို ခင်မောင်ညို (ဘောဂဗေဒ) ဘာသာပြန်ဆိုသည်။

**Part 1**

နိုင်ငံခြားငွေ ဖလှယ်နှုန်းကို ပြဋ္ဌာန်းသည့် အကြောင်းတရားများကို ဖော်ထုတ်ရှင်းပြရာတွင် အဓိကနည်းလမ်း သုံးခုကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြသည်။ ပထမနည်းလမ်းမှာ ၁၉၇၀ ပြည့်လွန်နှစ်များမတိုင်မီက ပေါ်ပေါက်လာခဲ့သော သမားရိုးကျနည်းလမ်းဖြစ်သည်။ ဒုတိယနည်းလမ်းမှာ ၁၉၇၀ ပြည့်လွန်နှစ်များတွင် ပေါ်ထွက်ခဲ့သော အက်ဆက်ဈေးကွက် (Asset Market) နည်းဖြစ်ပါသည်။ တတိယနည်းလမ်းမှာ ၁၉၉၅ ခုနှစ်တစ်ဝိုက်တွင် ပေါ်ပေါက်ခဲ့သော ဈေးကွက်မိုက်ကရိုပုံသဏ္ဍာန် (Market Microstructure) နည်းလမ်းဖြစ်သည်။ ပထမနည်းလမ်းနှစ်ခုကို မေကရိုနည်းလမ်း– နိုင်ငံအဆင့် လေ့လာသည့် နည်းလမ်းဟုခေါ်ဆိုပြီး နောက်

mgyoe.com

mgyoe.com


ဆုံးနည်းကို မိုက်ကရိုအဆင့်နည်းလမ်းဟု ခေါ်ဝေါ်လေ့ရှိကြသည်။ မကြာသေးမီက လေ့လာတွေ့ရှိသော အထောက်အထားများအရ မေကရိုနည်းလမ်းနှင့် မိုက်ကရိုနည်းလမ်းတို့သည်လည်း နိုင်ငံခြားငွေဖလှယ်နှုန်းကို သက်မှတ်ပြဋ္ဌာန်းရာတွင် ဆက်စပ်မှုရှိကြောင်း တွေ့ရသည်။ ထိုသဘောတရားများကို လက်တွေ့အသုံးချရာ၌ ထိရောက်မှုရှိ–မရှိ ဆိုသည်မှာ သက်ဆိုင်ရာနိုင်ငံ၏ ဘဏ္ဍာရေးစနစ်နှင့် လုပ်ဆောင်ပုံအဆင့်အတန်းအပေါ်တွင် အခြေခံအားဖြင့် မူတည်သည်။ သဘောတရားဆိုင်ရာ နောက်ခံသမိုင်း၊ နိုင်ငံခြားငွေဖလှယ်နှုန်းဆိုင်ရာ အခြေခံများကို လက်တွေ့အသုံးချပုံနှင့် မူဝါဒဆိုင်ရာ အကျိုးသက်ရောက်မှုတို့ကို အောက်တွင် ဆက်လက်ဆွေးနွေးပြီး ရရှိခဲ့သောသင်ခန်းစာများကို ပညာရပ်ဆန်ဆန် ရေးသားထားခြင်းမဟုတ်သော ဤစာတမ်းနောက်ဆုံးအပိုင်းတွင် ဖော်ပြပါသည်။

ပထမဆုံးနည်းလမ်းဖြစ်သော သမာရိုးကျနည်းလမ်းကို ကုန်စည်ဈေးကွက်နည်းလမ်းဟုလည်း လူသိများပါသည်။ ဆိုလိုသည်မှာ နိုင်ငံခြားငွေ ဝယ်လိုအားသည် ထိုနိုင်ငံ၏ ပို့ကုန်သွင်းကုန် အရောင်းအဝယ်အပေါ်တွင် မူတည်နေသည်။ ထိုသဘောတရားသည် အခြေခံအားဖြင့် ကုန်သွယ်ရေးလိုငွေက နိုင်ငံခြားဖလှယ်နှုန်းအပေါ် ဩဇာလွှမ်းမိုးကြောင်း၊ အခြေခံအားဖြင့် ရှင်းပြသည်။ အထူးသဖြင့် သွင်းကုန်က ပို့ကုန်ထက်များနေသော ကုန်သွယ်ရေးလိုငွေ ပြသည့်အချိန်တွင် ပြည်တွင်းငွေကြေး၏ တန်ဖိုးကို ကျဆင်းစေပြီး၊ ကုန်သွယ်မှုလိုငွေသည် ပြည်တွင်းငွေ၏ တန်ဖိုးကို မြင့်မားစေပါသည်။

ဒုတိယနည်းလမ်းဖြစ်သော အက်ဆက်ဈေးကွက်နည်းလမ်းနှင့် ပတ်သက်၍ ၁၉၇၀ ပြည့်လွန်နှစ်များကတည်းက ပုံစံအမျိုးမျိုး ပေါ်ထွက်လာခဲ့သည်။ ကြာရှည်ခံအက်ဆက်များ၏ အက်ဆက်ဈေးနှုန်းအဖြစ် အမည်ခံငွေဖလှယ်နှုန်း၏ အခန်းကဏ္ဍကို အလေးထားဖော်ပြခဲ့သည်။ ပထမဆုံးထင်ရှားသည့် မော်ဒယ်လ်မှာ ဝယ်နိုင်စွမ်းအား ညီမျှခြင်းသီအိုရီ (Purchasing Power Parity Theory) ဖြစ်သည်။ ဤသီအိုရီအရ နိုင်ငံခြားငွေဖလှယ်နှုန်းသည် နိုင်ငံခြားငွေ လုံးဝအရောင်းအဝယ်မရှိသော အခြေအနေတွင် သက်ဆိုင်ရာနိုင်ငံနှစ်နိုင်ငံ၏ ဈေးနှုန်းအဆင့် (နှိုင်းယှဉ်ဈေးနှုန်း) အချိုးချခြင်းနှင့် တူညီသည်။ အတိုးနှုန်းညီမျှခြင်းသီအိုရီ (Uncovered InterESt Policy)က နိုင်ငံအသီးသီးတွင် ငွေကြေးအမျိုးမျိုးဖြင့် တန်ဖိုးသင့်ထားသော ကာလတိုအတိုးနှုန်းရ၊ အက်ဆက်များ၏ မျှော်လင့်ပြန်ရချက် ဆက်စပ်မှုကို တိုင်းတာသည်။ အက်ဆက်

mgyoe.com

mgyoe.com


ဈေးကွက်နည်းလမ်းဖြင့် နိုင်ငံခြားငွေကို ရှင်းပြရာတွင် လက်ရှိ အခြေခံအနေအထားများ၊ ရုတ်တရက်ပေါ်ပေါက်လာတတ်သော အပြောင်းအလဲများသာမက အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သော အခြေခံအနေအထားများ လက်ရှိကာလအတွက် တန်ဖိုးသင့်၍ ထည့်ပေါင်းသည်။ မထင်မှတ်ဘဲ ပေါ်ပေါက်လာနိုင်သော ရုတ်တရက်အပြောင်းအလဲများကိုပါ ထည့်သည်။ တစ်နည်းအားဖြင့် သမားရိုးကျငွေဖလှယ်နှုန်းသီအိုရီက နိုင်ငံခြားငွေ ဖလှယ်နှုန်းသည် နှစ်နိုင်ငံ၏ ငွေကြေးပမာဏ ထွက်ကုန်၊ ငွေဖောင်းပွမှု၊ အတိုးနှုန်းနှင့် မျှော်လင့် နိုင်ငံခြားငွေ ဖလှယ်နှုန်းတို့ကဲ့သို့သော နိုင်ငံအဆင့် အခြေခံအနေအထားများ၏ ဩဇာသက်ရောက်မှုကို ခံရသည်။

နှုန်းရှင် မျှောငွေဖလှယ်နှုန်း စနစ်အောက်တွင် အက်ဆက်ဈေးကွက် နည်းလမ်းသည် ရေရှည်တွင် နိုင်ငံခြားငွေဖလှယ်နှုန်း အပြောင်းအလဲဖြစ်သည်များကို ရှင်းပြနိုင်စွမ်းရှိသည်။

သို့သော်လည်း ၁၉၈၅ ခုနှစ်တစ်ဝိုက်တွင် တွေ့ရှိရသော လက်တွေ့သုတေသနများအရ တစ်ပတ်မှ တစ်နှစ်ဟူသော ရေတိုကာလအတွင်း၊ နိုင်ငံခြားငွေဖလှယ်နှုန်း အပြောင်းအလဲဖြစ်ရသည့် ကိစ္စများကို ရှင်းပြနိုင်ခြင်းမရှိပေ။ ရေတိုကာလတွင် နိုင်ငံခြားငွေဖလှယ်နှုန်းသည် ကြုံရာကျပန်းဖြစ်နေပြီး အထက်တွင် ဖော်ပြခဲ့သော သီအိုရီများက ရေတိုကာလ အပြောင်းအလဲများကို ကြိုတင်မှန်းဆနိုင်ခြင်း မရှိပေ။ အချို့သော လေ့လာချက်များအရဆိုလျှင် နိုင်ငံခြားငွေ အတက်အကျမြန်ဆန်စွာ ပြောင်းလဲအောင်လုပ်ရာတွင် အဓိကအကျဆုံး အကြောင်းတရားများမှာ နိုင်ငံအဆင့် မေကရိုစီးပွားရေးဆိုင်ရာ အကြောင်းတရားများ မဟုတ်ကြကြောင်း တွေ့ရှိရသည်။

အက်ဆက်ဈေးကွက်နည်းလမ်းဖြင့် ရေတိုနိုင်ငံခြားငွေ ဖလှယ်နှုန်း အပြောင်းအလဲများကို တွက်ဆခြင်း မပြုနိုင်ရသည်မှာ ထိုလေ့လာမှု၏ အခြေခံယူဆချက်ကြောင့် ဖြစ်သည်ဟုဆိုပါသည်။ ပထမအချက်အနေဖြင့် အက်ဆက်ဈေးကွက်သဘောတရားက နိုင်ငံခြားငွေဖလှယ်နှုန်း၏ အခြေခံအနေအထားများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို အများပြည်သူက အလွယ်တကူရရှိနိုင်၊ သိရှိနိုင်သည်ဟု ယူဆထားသည်။ အနာဂတ် အခြေခံအနေအထားများနှင့် ပတ်သက်သော သတင်းများ၊ ဈေးကွက်၏ မျှော်လင့်ချက်များကို အခြေခံ၍ ထိုအခြေခံအပြောင်းအလဲများအတိုင်း နိုင်ငံခြားငွေဖလှယ်နှုန်းက ရောင်ပြန်ဟပ်၍ လိုက်လံပြောင်းလဲသည်ဟု ယူဆသည်။ ဒုတိယအနေဖြင့် နိုင်ငံခြားငွေဈေးကွက်တွင် အရောင်းအဝယ် ပြုနေကြ

mgyoe.com

mgyoe.com


သောသူများသည် ငွေကြေးရောင်းဝယ်ရာတွင်လည်းကောင်း၊ ရောင်းဝယ်ရသည့် ရည်ရွယ်ချက်တွင်လည်းကောင်း၊ တစ်မျိုးတစ်စားတည်း၊ တစ်ပုံစံတည်းဖြစ်သည်ဟု ယူဆထားသည်။

၎င်းတို့နှင့် ခြားနားပြီး ဈေးကွက်မိုက်ကရိုပုံဏ္ဍာန် သဘောတရားက (၁) ပုဂ္ဂလိသတင်းရရှိမှု၊ အထူးသဖြင့် နိုင်ငံခြားငွေ အဝယ်အရောင်း ပမာဏကို အများပြည်သူက မသိရှိနိုင်၊ (၂) ဈေးကွက်တွင်ရှိနေသူများသည် ငွေကြေးရောင်းဝယ်ရာတွင်လည်းကောင်း၊ ရည်ရွယ်ချက်ထားရှိရာတွင် လည်းကောင်း၊ အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားသောသူများ ဖြစ်ကြသည်။ (၃) တတိယအချက်အနေဖြင့် အရောင်းအဝယ်လုပ်ပုံနှင့်၊ အရောင်းအဝယ်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို အလွယ်တကူ ရရှိနိုင်သည်ဟု ယူဆသည်။

ဈေးကွက် မိုက်ကရိုပုံသဏ္ဍာန်နည်းလမ်းသည် မိုက်ကရိုပုံသဏ္ဍာန် ဘဏ္ဍာရေး သဘောတရားများအပေါ်တွင် အခြေခံထားသည်။ တိကျသေချာသော အရောင်းအဝယ် စည်းမျဉ်းစည်းကမ်းများအောက်တွင် အက်ဆက်များ ဖလှယ်သည့် လုပ်ငန်းစဉ်နှင့် ရလဒ်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ဤနည်းတွင် ကိန်းရှင်နှစ်ခုကို ထည့်စဉ်းစားသည်။ ကိန်းရှင်မှာ (၁) နိုင်ငံခြားငွေကြေးအမှာ၊ အော်ဒါစီးဆင်းမှုနှင့် (၂) ဆိုဈေးပေးဈေးကွာခြားချက်တို့ဖြစ်ပြီး ၎င်းတို့ကို အဓိကလက်နက်အဖြစ် အသုံးချသည်။

အော်ဒါစီးဆင်းမှုသည် ငွေကြေးအဝယ်နှင့် အရောင်းဖိအားတွေကို တိုင်းတာသည့်နည်း၊ သဘောတူပြီး အဝယ်အရောင်းပမာဏကို ညွှန်ပြသည်။ အချိန်ကာလတစ်ခုတွင် ဝယ်သူတွေက ဘယ်လောက်ဝယ်ချင်သည်။ ရောင်းသူတွေက အမှန်တကယ် ဘယ်လောက်ရောင်းချင်သည်ကို ညွှန်ပြသည်။ လက်ငင်းဈေးကွက်တွင် အရောင်းအမှာနှင့် အဝယ်အမှာ ပေါ်လည်သည်။ နိုင်ငံခြားငွေ လေလံပစ်သည့် ဈေးကွက်တွင် ဈေးကွက်အော်ဒါကို ဘယ်လောက်ဈေးနှင့်ရောင်းပါ၊ ဘယ်လောက်ဈေးအထိ ပေးဝယ်ပါဟူသော ကန့်သတ်ချက်တွေအတိုင်း၊ အရောင်းအဝယ်ဖြစ်သည်။ ဤနေရာတွင် အရောင်းအော်ဒါတွေ အဝယ်အော်ဒါတွေ၊ အနည်းအများက နိုင်ငံခြားငွေဖလှယ်နှုန်းကို သတ်မှတ်သော်လည်း နိုင်ငံခြားငွေဖလှယ်နှုန်း အပြောင်းအလဲကို ဖြစ်စေနိုင်သော နောက်ခံ အဓိက အကြောင်းတရားတော့ မဟုတ်ပေ။ အရောင်းအဝယ် အော်ဒါအနည်းအများနှင့် ပတ်သက်သော အချက်အလက်များ၊ သတင်းများကြောင့် ဖလှယ်နှုန်း ပြောင်းလဲရခြင်းဖြစ်သည်ဟုသာ ယူဆသည်။

mgyoe.com

မကြာမီက ပြုလုပ်ခဲ့သော သုတေသနများသည် နေ့စဉ်အရောင်းအဝယ်မှစ၍၊ အပတ်စဉ် အရောင်းအဝယ်အထိ၊ ဤနည်းလမ်းကို အသုံးပြု၍ လေ့လာသည်။ အမည်ခံ ငွေဖလှယ်နှုန်း လေးလခန့်အထိ အပြောင်းအလဲဖြစ်ရခြင်းသည် အရောင်းအဝယ် အော်ဒါ အနည်းအများကြောင့် ဖြစ်ကြောင်း သိသာထင်ရှားစွာ တွေ့ရသည်။ သုတေသနရလဒ်များက နမူနာကောက်ယူလေ့လာသော ကာလအတွင်းသာ ခန့်မှန်းနိုင်ခြင်းမဟုတ်၊ လေ့လာနေသော ကာလအပြင် တစ်လနီးပါးခန့်အထိ ခန့်မှန်းနိုင်ကြောင်း တွေ့ရသည်။ သုတေသန တွေ့ရှိချက်များအရ မိုက်ကရိုပုံသဏ္ဍာန် လေ့လာနည်းအရ ထွက်ပေါ်လာသော ခန့်မှန်းချက်များသည် အက်ဆက် ဈေးကွက်နည်းဖြင့် ကြုံရာကျပန်း ဖြစ်နိုင်သည်ဟူသော ပုံစံသုံး တွက်ချက်ခန့်မှန်းခြင်းထက် ရလဒ် ပိုကောင်းကြောင်း တွေ့ရသည်။

ဤနည်းလမ်းနှစ်ခု၏ အဓိကခြားနားချက်မှာ အားမျှခြေနိုင်ငံခြား ငွေဖလှယ်နှုန်းနှင့် ပတ်သက်သည်။ ဤခြားနားချက်ကို လက်တွေ့လုပ်သူနှင့် ပညာရှိတို့ အမြင်ကွဲပြားမှုအဖြစ်လည်း အသိအမှတ်ပြုကြသည်။ လက်တွေ့သမားများ၏ အမြင်အရ ဝယ်သူတွေက ရောင်းသူတွေထက် များနေခြင်းကြောင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း ကျဆင်းရခြင်းဖြစ်သည်ဟု မြင်သည်။ အားမျှခြေဈေးနှုန်းသည် နိုင်ငံခြားငွေဈေးကွက်ရှိ ဝယ်လိုအားနှင့် ရောင်းလိုအားအပေါ်တွင် မူတည်သည်။ သို့သော် မေကရို စီးပွားရေးရှုထောင့်မှ ရှုမြင်သည့်အခါ ရောင်းလိုအားတွင် အန္တရာယ်နှင့် ရင်ဆိုင်ရမည်ကို မလိုလား၍ အရောင်းအဝယ်ပြုလုပ်ရာတွင် မပါဝင်ဘဲနေသော တချို့ဘဏ္ဍာရေး အဖွဲ့အစည်းများ၏ နိုင်ငံခြားငွေများ ပါဝင်ခြင်းမရှိပါ။ သို့ဖြစ်၍ မိုက်ကရို ပုံသဏ္ဍာန် နည်းလမ်းအရ ဖြစ်ပေါ်သော ဈေးနှုန်းသည် ကြားကာလဈေးနှုန်းသာ ဖြစ်သည်။ ဝယ်လိုအားနှင့် ရောင်းလိုအား မညီမျှမှုကို မသိရသဖြင့် အနေတော်ဈေးနှုန်းမဟုတ်ဟု ယူဆသည်။ မေကရို စီးပွားရေးရှုထောင့်မှ ရှုမြင်ပါက ပြိုင်ဆိုင်မှုရှိသော ဈေးကွက်တွင် ပါဝင်သူများအားလုံး၏ ရောင်းလိုအားနှင့် ဝယ်လိုအားတို့ကသာ နိုင်ငံခြားငွေ အားမျှဈေးနှုန်းကို ပြဋ္ဌာန်းပေးနိုင်မည် ဖြစ်သည်။ ဝယ်သူရောင်းသူ အားလုံးပါဝင်နိုင်သော လေလံသမားတစ်ယောက်ရှိမှသာ အားမျှ နိုင်ငံခြားငွေဖလှယ်နှုန်းကို ရရှိနိုင်မည်ဟု အကြံပြုပါသည်။

ထို့အပြင်၊ အကယ်၍ အော်ဒါများကို အချိန်နှင့် တစ်ပြေးညီလေ့လာ သိရှိနိုင်လျှင် (တစ်နည်းအားဖြင့် ဈေးကွက်သည် ပိုမို၍ ထင်သာမြင်သာရှိလျှင် လက်ရှိအားမျှ

mgyoe.com

mgyoe.com


နိုင်ငံခြားငွေဖလှယ်နှုန်းသည် ပြောင်းလဲသွားနိုင်သည်။ မူဝါဒရေးရာရှုထောင့်မှ ကြည့်ပါက၊ အော်ဒါအနည်းအများကို ပိုမိုမြင်သာထင်သာ လုပ်ပေးခြင်းကြောင့် ရရှိလာသော အကျိုးတရားများ၏ အရေးပါမှုကို ညွှန်ပြသည်။

## Part 2

အဝယ်၊ အရောင်း အော်ဒါအနည်းအများနှင့် ပတ်သက်သော သတင်းအချက်အလက်များသည် ဗဟိုဘဏ်အတွက် တခြားသော မဟာဗျူဟာများနှင့်အတူ အရေးကြီးသော မဟာဗျူဟာနှစ်ခု ချမှတ်ရေးအတွက် အထောက်အကူဖြစ်စေသည်။ ပထမ မဟာဗျူဟာမှာ အရောင်းအဝယ်အော်ဒါများကို ခွဲခြားနိုင်ခြင်းဖြစ်သည်။ အရောင်းအဝယ်သမား အချင်းချင်းအကြား၊ အရောင်းအဝယ်အော်ဒါများကို ဘဏ်ကြီးများအတွက် သီးသန့်ခွဲခြားကာ ဘဏ်ငယ်များနှင့် မရောဘဲ၊ သီးခြားကောက်ယူနိုင်သည်။ ထို့အတူပင်၊ ရင်းနှီးမြှုပ်နှံမှုဘဏ်များနှင့် စီးပွားရေးဘဏ်များကို သီးသန့်ကောက်ယူနိုင်သည်။ ဖောက်သည်များ၏ အော်ဒါများကို ဘဏ်များ၊ ဘဏ်မဟုတ်သော ကော်ပိုရေးရှင်းများဟုလည်း သီးခြားခွဲနိုင်သည်။ ဒုတိယ မဟာဗျူဟာအနေဖြင့် နိုင်ငံခြားငွေဈေးကွက်တွင် ဩဇာကြီးမားသော အဖွဲ့အစည်းများ၏ အကျိုးသက်ရောက်မှုကို ဖော်ထုတ်ကာ၊ သွယ်ဝိုက်သောနည်းဖြင့် ဝင်ရောက်စွက်ဖက်ရာတွင် အသုံးပြုနိုင်သည်။ တစ်နည်းအားဖြင့် နိုင်ငံခြားငွေ အရောင်းအဝယ်လုပ်သူ တစ်ဦးချင်းစီနှင့် စေ့စပ်ညှိနှိုင်းခြင်းဖြင့် သော်လည်းကောင်း၊ အရောင်းအဝယ်လုပ်သူ အချင်းချင်းအကြားပြုလုပ်သော ဈေးကွက်တွင်လည်းကောင်း၊ ဝင်ရောက်စွက်ဖက်နိုင်သည်။

ဆိုလိုသည်မှာ အော်ဒါဝင်ရောက်မှုများသည် အရေးပါသော သတင်းအချက်အလက်များဖြစ်ပြီး၊ ဗဟိုဘဏ်က ဝင်ရောက်ထိန်းကျောင်းရာတွင် အထောက်အကူဖြစ်သည်။ ဗဟိုဘဏ်က ရေတိုအတိုးနှုန်း အပြောင်းအလဲ၊ ငွေကြေးမူဝါဒများ အပြောင်းအလဲလုပ်ရာတွင် အသုံးပြုနိုင်သည်။ နိုင်ငံခြားငွေဈေးကွက်၏ လည်ပတ်မှု၊ နိုင်ငံခြားငွေဖလှယ်နှုန်း ဖြစ်တည်လာစေမည့် လုပ်ငန်းစဉ်နှင့် ဈေးကွက်၏ စရိုက်လက္ခဏာတို့အပေါ် ဗဟိုဘဏ်၏ ဝင်ရောက်စွက်ဖက်မှု ထိရောက်မှုရှိစေရန် အားပေးသည်။

အခြားလေ့လာချက်များအရ၊ ဗဟိုဘဏ်က ဝင်ရောက်စွက်ဖက်ခြင်းသည် ငွေကြေးတန်ဖိုးကို တည်ငြိမ်စေပြီး၊ ငွေဖလှယ်နှုန်း အတက်အကျနည်းစေရန် ထိန်း

mgyoe.com

ပေးသည်ကို တွေ့ရသည်။ နိုင်ငံခြားငွေ ဈေးကွက်တွင် ဝင်ရောက်စွက်ဖက်ခြင်းကြောင့် အနာဂတ်ငွေဖလှယ်နှုန်းနှင့် ပတ်သက်၍၊ အခြေခံအနေအထားများနှင့် ပတ်သက်၍ မသေချာမရေရာမှုများကို လျော့ကျစေသည်။ နိုင်ငံခြားငွေဈေးကွက်တွင် အရောင်းအဝယ်ပမာဏ ကြီးမားလာစေပြီး၊ အရောင်းအဝယ်လုပ်သော စရိတ်များကို လျော့ကျစေသည်။ ဖလှယ်နှုန်း အတက်အကျ ကြမ်းခြင်းကိုလျော့စေပြီး ဝင်ရောက်စွက်ဖက်မှုကိုလည်း သတင်းရရှိသိရှိနိုင်ကာ၊ နိုင်ငံခြားငွေဈေးကွက်အပေါ် အကျိုးသက်ရောက်မှု ကြီးမားနိုင်သည်။

မကြာမီက လေ့လာချက်များအရ၊ မေကရိုဘောဂဗေဒနှင့် မိုက်ကရိုဘောဂဗေဒဟူ၍ သီးခြားလေ့လာမှုများကို ပေါင်းစည်းကာ၊ နိုင်ငံခြားငွေဖလှယ်နှုန်း အတက်အကျ၊ အရောင်းအဝယ်အော်ဒါ အနည်းအများနှင့် မေကရိုဘောဂဗေဒ အခြေအနေများနှင့်ပတ်သက်သော မျှော်မှန်းချက်များ၏ ဆက်စပ်မှုကို ထုတ်ဖော်ရန် ကြိုးစားလာကြသည်။ အရောင်းအဝယ်အော်ဒါနှင့် ပတ်သက်သော မျှော်လင့်တွက်ဆမှုများက နိုင်ငံခြားငွေ ဖလှယ်နှုန်းနှင့် ပတ်သက်သော အခြေခံအနေအထားများကို အပြောင်းအလဲ ဖြစ်စေသည်။ မိုက်ကရိုပုံသဏ္ဌာန် နည်းလမ်းအရ လက်တွေ့ရရှိသော ရလဒ်များသည် အရောင်းအဝယ်အော်ဒါများကြောင့် မည်သို့ဖြစ်နိုင်ကြောင်း၊ ပို၍ရှင်းပြနိုင်သည်။ အရောင်းအဝယ်အော်ဒါများသည် လက်ကျန် (Portfolio Balance) မှတစ်ဆင့် သော်လည်းကောင်း၊ သတင်းအချက်အလက်များမှတစ်ဆင့် အကျိုးသက်ရောက်သောနည်းဖြင့် သော်လည်းကောင်း သြဇာလွှမ်းမိုးကြသည်။ ဤနည်းဖြင့် ဗဟိုဘဏ်၏ ဝင်ရောက်စွက်ဖက်မှုကြောင့် ဈေးကွက်ရှိ ငွေအနည်းအများနှင့် နိုင်ငံခြားငွေဈေးကွက်၏ စွမ်းဆောင်ရည်တို့ကို စောင့်ကြည့်ရန် အထောက်အကူဖြစ်သည်။

အကယ်၍ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံခြားငွေဖလှယ်နှုန်းနှင့် ပတ်သက်သော သမိုင်းကြောင်း စာရင်းအင်းများက ကာလလတ်မှ ကာလရှည်အတွင်း ငွေဖလှယ်နှုန်း ကျဆင်းမည့် အလားအလာကို ညွှန်ပြနေလျှင် သမာရိုးကျ နိုင်ငံခြားငွေလဲလှယ်နှုန်း သဘောတရားက ရေရှည်မူဝါဒများ ချမှတ်ကျင့်သုံးရန် အကြံပြုသည်။ လုပ်အား၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားလာခြင်းကြောင့် အမှန်တကယ် ငွေဖလှယ်နှုန်း မြင့်မားလာစေသည်ဟု ယူဆသည်။ လေ့လာတွေ့ရှိချက်များအရ၊ ထုတ်လုပ်မှုစွမ်းအား မြင့်မားလာခြင်းသည် အရောင်းအဝယ်လုပ်သော ကုန်ပစ္စည်းများ၏ ဈေးနှုန်းအပေါ် အခြေခံသော အမှန်တကယ် နိုင်ငံခြားငွေ ဖလှယ်နှုန်းမှတစ်ဆင့် ကူးပြောင်းရောက်ရှိ

mgyoe.com

သွားကြောင်း တွေ့ရသည်။

ထို့အပြင် အမေရိကန်၊ ဂျပန်နှင့် ယူရိုဇုံတို့တွင် လေ့လာတွေ့ရှိချက်များအရ၊ ဒေါ်လာဈေးနှုန်းနှင့် ထုတ်လုပ်မှုစွမ်းအားတို့၏ ဆက်စပ်မှုကို လေ့လာကြည့်သော အခါ လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ခန့်အတွင်း ထုတ်လုပ်မှုစွမ်းအား မြင့်မားလာခြင်း ကြောင့် ဒေါ်လာ၏ ပြင်ပတန်ဖိုး အပြောင်းအလဲများအပေါ် ဩဇာလွှမ်းမိုးမှုရှိကြောင်း တွေ့ရသည်။

နိုင်ငံခြားငွေ သီအိုရီနှင့် လုပ်အား၏ ထုတ်လုပ်မှုစွမ်းအားတို့အကြား ဆက်စပ်မှုနှင့်ပတ်သက်၍ မူဝါဒနှင့် မဟာဗျူဟာ အမျိုးမျိုးရှိကြသည်။ အသွင်ကူးပြောင်း နေသော နိုင်ငံများနှင့် ဆီလျော်သည့် အရေးကြီးသော မူဝါဒနှစ်ခုရှိသည်။ ၎င်းတို့မှာ လုပ်သားများ ထုတ်လုပ်မှုစွမ်းအားနိမ့်ရာမှ ထုတ်လုပ်မှုစွမ်းအားမြင့်မားရာသို့ ရွှေ့ ပြောင်းရေးအတွက် လုပ်သားကဏ္ဍာ ပြုပြင်ပြောင်းလဲမှုလုပ်ခြင်း၊ သို့မဟုတ် လုပ်ခမူဝါဒ ချမှတ်ခြင်းအားဖြင့် လုပ်သားရွှေ့ပြောင်းမှု မူဝါဒနှင့် နည်းပညာနှင့် တီထွင်ဆန်းသစ် မှုဆိုင်ရာ မူဝါဒတို့ ဖြစ်သည်။ ဤနေရာတွင် အတိုးနှုန်းကို အသုံးပြုကာ၊ ထုတ်လုပ်မှု စွမ်းအားတိုးတက်ရန် ဗဟိုဘဏ်၏ ကြိုးပမ်းအားထုတ်မှုမှာ အရာမထင်ပေ။

သို့သော်လည်း သေသေချာချာ ပြင်ဆင်ရေးဆွဲထားသော ငွေကြေးမူဝါဒများမှ တစ်ဆင့် သွယ်ဝိုက်သောနည်းဖြင့် အကျိုးသက်ရောက်မှုရှိကာ၊ စီးပွားရေးအဆောက် အအုံတွင် စုစုပေါင်း ဝယ်လိုအားနှင့် စုစုပေါင်း ရောင်းလိုအားတို့ကို ကိုက်ညီစေပြီး၊ စွမ်းရည်မြင့်မားသည့် ဈေးကွက်ဖြစ်ပေါ်ကာ၊ ဈေးနှုန်းနှင့် နိုင်ငံခြားငွေတို့ကို တည်ငြိမ် စေသည်။ ဆိုလိုသည်မှာ နိုင်ငံတကာ ကုန်သွယ်ရေး၊ စက်မှုလက်မှု၊ နိုင်ငံခြားတိုက် ရိုက်ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးနှင့် ဘဏ္ဍာရေးမူဝါဒများ ရေးဆွဲရာ၌ အထက်တွင်ဖော်ပြ ခဲ့သော လုပ်သား၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားရေးကို အာရုံစိုက်ခြင်းအားဖြင့် စဉ်ဆက်မပြတ် တိုးတက်မှုရရှိကာ နိုင်ငံခြားငွေ ဖလှယ်နှုန်း၏ စွမ်းဆောင်ရည်သည် လည်း မြင့်မားလာမည်ဖြစ်သည်။ လုပ်သား၏ ထုတ်လုပ်မှုစွမ်းအား တိုးပွားစေသော လုပ်ငန်းများ စတင်လုပ်ဆောင်ခြင်းသည် မျှော်လင့်ထားသော အနာဂတ် အခြေခံ အနေအထားများနှင့် မျှော်လင့်ထားသော ရလဒ်များ ရရှိရေးအတွက် ပုဂ္ဂလိက ကဏ္ဍာ ကို အချက်ပြလိုက်ရာရောက်သည်။

mgyoe.com

**သင်ခန်းစာများ**

(၁) အထောက်အထားများအရ၊ နိုင်ငံခြားငွေအမှာအော်ဒါသည် အထူးသဖြင့် ရေတိုကာလတွင်လည်းကောင်း၊ ကာလလတ်တွင်လည်းကောင်း၊ အမည်ခံနိုင်ငံခြား ငွေဖလှယ်နှုန်းအပေါ် သိသာထူးခြားပြီး၊ ဆက်တိုက် အကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရသည်။

(၂) ထိုအချက်က ရေတိုနိုင်ငံခြားငွေ အော်ဒါစီးဝင်မှု အပြောင်းအလဲသည် နိုင်ငံခြားငွေ ဖလှယ်နှုန်းအပေါ်တွင် လည်းကောင်း၊ ရေတိုတွင် ဗဟိုဘဏ်၏ ငွေကြေး မူဝါဒနှင့် ဝင်ရောက်စွက်ဖက်မှုတို့ ထိရောက်မှုရှိ–မရှိ ပြန်လည်သုံးသပ်နိုင်သော ယန္တရားတစ်ခုအဖြစ်လည်းကောင်း၊ အကျိုးသက်ရောက်မှုကို ထင်ဟပ်သည်။

(၃) နိုင်ငံခြားငွေ အမှာအော်ဒါဝင်ရောက်မှုနှင့် ပတ်သက်သော သတင်း အချက်အလက်များသည် ဗဟိုဘဏ်နှင့် ငွေကြေးအာဏာပိုင်များ၊ ဈေးကွက်တွင် အဓိကလှုပ်ရှားသူများ၊ ဖော်ထုတ်ရေးနှင့် ဗျူဟာများချမှတ်ရေး၊ နိုင်ငံခြားငွေဈေးကွက် အပေါ်တွင် ကျရောက်နိုင်သော အကျိုးသက်ရောက်မှုများကို စောင့်ကြည့်ရန်၊ နိုင်ငံ ခြားငွေ ဖလှယ်နှုန်းအတက်အကျကို ထိန်းချုပ်နိုင်သော တိုက်ရိုက် ငွေကြေးမူဝါဒများ ချမှတ်ရန်၊ စေ့စပ်ညှိနှိုင်းသောနည်းဖြင့် သွယ်ဝိုက် ဝင်ရောက်စွက်ဖက်ရန်တို့အတွက် အထောက်အကူ ဖြစ်စေသည်။

(၄) ထို့အပြင် နိုင်ငံခြားငွေ အရောင်း၊ အဝယ် အော်ဒါစီးဆင်းမှုနှင့် ပတ်သက် သော သတင်းအချက်အလက်များက၊ ငွေကြေးအာဏာပိုင်များ ရေတိုတွင် ငွေတန်ဖိုး ထပ်မံကျဆင်းမှုကို ဟန့်တားပေးမည့် ငွေကြေးမူဝါဒများ ချမှတ်ကျင့်သုံးရန် အထောက်အကူ ဖြစ်စေသည်။ အဆိုပါ ငွေကြေးမူဝါဒနှင့် နည်းလမ်းများတွင် (၁) ငွေချေးစာချုပ်ဈေးကွက်လည်ပတ်မှုကို ချောမွေ့စေခြင်း (၂) ငွေကြေးဖလှယ် (Swept) သည့် နည်းလမ်းများကို အသုံးပြုခြင်း (၃) နိုင်ငံခြားငွေလေလံ ဈေးကွက် တွင် ရှိနေသော ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ ကုမ္ပဏီကြီးများ၏ နိုင်ငံခြားငွေပမာဏ ကို တိုးပွားစေမည့် မူဝါဒများ ချမှတ်ခြင်းတို့ ပါဝင်သည်။ (၅) မြန်ဆန်သော အီလက် ထရွန်းနစ်ရောင်းဝယ်ရေးစနစ်နှင့် နည်းလမ်းများကို အသုံးပြုခြင်းအားဖြင့် မြင်သာ ထင်သာ ပိုမိုရှိစေကာ၊ သတင်းရရှိပုံ မညီမမျှဖြစ်နေမှုကို ဖယ်ရှားပေးပြီး၊ နိုင်ငံခြား ငွေဈေး အတက်အကျလှုပ်ရှားမှုကို လျော့နည်းစေသည်။ (၆) ကာလလတ်မှ ကာလ ရှည်မူဝါဒများ ချမှတ်ရာတွင် နိုင်ငံတကာကုန်သွယ်ရေး၊ စက်မှုလက်မှု၊ နိုင်ငံခြား

mgyoe.com

mgyoe.com
တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (ပြင်ပချေးငွေနှင့် အကူအညီအပါအဝင်) ငွေကြေးနှင့် ဘဏ္ဍာရေးမူဝါဒများ ချမှတ်ရာတွင် အထက်၌ ဖော်ပြခဲ့သော လုပ်သား၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားရေးကို ဦးတည်ကာ၊ စီးပွားရေးတည်ငြိမ်ပြီး စွမ်းရည်မြင့်မားသော နိုင်ငံခြားငွေဈေးကွက် ဖြစ်ပြောက်စေရမည်။

❑

mgyoe.com

mgyoe.com

# [ ၇ ]
# တစ်နှစ်ကြာလာတဲ့ မြန်မာ့စီးပွားရေး အခင်းအကျင်းသစ်

(၁)

NLD အစိုးရသစ်သက်တမ်း တစ်နှစ်ပြည့်တဲ့ အချိန်မှာ မြန်မာ့စီးပွားရေးနဲ့ ပတ်သက်လို့ သုံးသပ်ကြတာတွေ တွေ့ရပါတယ်။ ဒါပေမဲ့ ထူးခြားမှုလို့ ပြောနိုင်တာ တစ်ခုက တစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း စုဝေးသုံးသပ်တာမျိုးကိုတော့ မတွေ့ရသေးတာပါပဲ။

ဝန်ကြီးဌာနတွေရဲ့ တစ်နှစ်တာဆောင်ရွက်ချက်တွေကို နိုင်ငံပိုင်သတင်းစာတွေကနေ နေ့စဉ်ဖော်ပြနေပေမဲ့ အများပြည်သူရဲ့ စိတ်ဝင်စားမှုတော့ နည်းနေတယ်လို့ စဉ်းစားမိပါတယ်။ ကြိုးပမ်းအားထုတ်မှုတွေ၊ အောင်မြင်မှုတွေကို အထူးအလေးပေး ဖော်ထုတ်ကြပေမဲ့ အားနည်းချက်နဲ့ ပတ်သက်လို့ကတော့ ပုဂ္ဂလိက စာစောင်တွေက ပိုပြီးလက်စောင်းထက်နေပုံရပါတယ်။

တစ်လောက နေပြည်တော်မှာလုပ်တဲ့ ဆွေးနွေးပွဲတစ်ခုမှာ အစိုးရအလုပ်ရှင်နဲ့ အလုပ်သမားတွေဟာ တစ်ဖက်နဲ့တစ်ဖက် ပြိုင်ဘက်လို့ သဘောမထားကြဘဲ ရပ်တည်ချက်တူညီကြဖို့ တစ်စီးပွားတည်း သဘောမျိုးထားဖို့ ဆွေးနွေးတာ ကြားသိခဲ့ရပါတယ်။ ဒါပေမဲ့ ဒီသတင်းစကားက ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ခဲ့ပုံမရပါဘူး။ တချို့အလုပ်ရှင်တွေ၊ အလုပ်သမားတွေက တစ်ဖက်တည်းမှာ ပြတ်ပြတ်သားသား

mgyoe.com

ရပ်တည်နေကြလို့ အဖြေထွက်ဖို့ ခက်နေတာတွေကို တွေ့နေရလို့ပါ။ အနိမ့်ဆုံးလုပ်ခ သတ်မှတ်ချက်နဲ့ ပတ်သက်လို့လည်း တစ်ဖက်မှာ အဲဒီသတ်မှတ်ချက်ကို မလိုက်နာကြသေးတဲ့ စီးပွားရေးလုပ်ငန်းတွေရှိနေ တစ်ဖက်မှာလည်း ကုန်ဈေးနှုန်းတွေ၊ လူနေမှုစရိတ်တွေ တက်လာသလို၊ အနိမ့်ဆုံးလုပ်ခကို၊ ကိုယ့်သဘောနဲ့ကိုယ် သတ်မှတ်ပြီး တောင်းဆိုကြတာတွေကိုလည်း တွေ့လာရပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားမယ်ဆိုရင်တော့၊ နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ အခြေအနေနဲ့ အလားအလာ၊ လုပ်သားတွေရဲ့ လက်တွေ့ထုတ်လုပ်မှု စွမ်းအားတွေကိုလည်း ထည့်တွက်ကြဖို့ လိုပါတယ်။

တစ်နည်းပြောရရင်တော့ အလုပ်ရှင်တွေက အလုပ်သမားတွေဘက်ကို ကြည့်ဖို့လည်း လိုအပ်သလို၊ အလုပ်သမားတွေကလည်း အလုပ်ရှင်တွေဘက်ကိုလည်း ကြည့်ဖို့ လိုအပ်တယ်လို့ပြောရင်၊ နှစ်ဖက်စလုံးက ကျေနပ်ကြမှာ မဟုတ်ပေမဲ့ ဒီအချက်ဟာ ရေရှည်အတွက် လက်တွေ့ကျတဲ့လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ ဒီအနေအထားကို သဘောမပေါက်သေးတော့ အလုပ်ရှင်၊ အလုပ်သမား ပဋိပက္ခ လျှော့ပါးရေးအတွက် အားထုတ်ဆောင်ရွက်ချက်တစ်ခုဟာ လိုရာမရောက်ဘဲ၊ ဆေးအတွက် လေးနေဦးမယ့်သဘောရှိပါတယ်။

(၂)

ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်းမှာ အစိုးရက ထပ်ကာတလဲ ပြောခဲ့တဲ့ တစ်ပြေးညီဆက်ဆံမယ်။ ထင်သာမြင်သာရှိမယ်ဆိုတဲ့ စကားတွေကို သာမန်ပဲ သဘောထားပြီး၊ အလေးအနက်ထားခဲ့တဲ့ ပုဂ္ဂလိလုပ်ငန်းရှင်တွေ သိပ်ပြီးများများစားစား ရှိမယ် မထင်ပါဘူး။ လုပ်ငန်းရှင်တွေထဲက တချို့ပုဂ္ဂိုလ်တွေဟာ အရင်ခေတ်တုန်းကလို ကိုယ့်ကိုဦးစားပေးတဲ့ အခွင့်အရေးပေးတဲ့ အခြေအနေတွေ အောက်မှာသာ လုပ်တတ်ကိုင်တတ်ရှိခဲ့ကြပြီး တန်းတူယှဉ်ပြိုင်တတ်တဲ့ အလေ့အထမျိုး အားနည်းခဲ့ကြပါတယ်။ ဒါ့ကြောင့် တန်းတူယှဉ်ပြိုင်ရမယ်ဆိုတာ လူတစ်စု ဒါမှမဟုတ်၊ လူတချို့က လက်ဝါးကြီးအုပ်ခွင့် ရခဲ့တဲ့သူတွေအတွက် ဆေးခါးကြီးလို ဖြစ်နေပါတယ်။

အစိုးရရဲ့ စီးပွားရေးမူဝါဒတွေ ပြောင်းလဲတယ်။ ဘာတွေ ထပ်ပြောင်းလဲဦးမယ်မသိဘူး။ အစိုးရရဲ့ မူဝါဒဟာ တည်ငြိမ်မှုမရှိဘူးလို့ ပြောဆိုကြတဲ့ စကားတွေဟာ မှန်သင့်သလောက် မှန်ပါတယ်။ တစ်ဖက်ကလည်း ပြောင်းလဲနေတဲ့ မူဝါဒတွေ၊ ထပ်မံပြောင်းလဲမယ့် မူဝါဒတွေနဲ့၊ လိုက်လျောညီထွေဖြစ်တဲ့ ပုဂ္ဂလိကလုပ်ငန်းတွေရဲ့

mgyoe.com

mgyoe.com


ဆောင်ရွက်ပုံဆောင်ရွက်နည်းတွေ၊ အားနည်းနေသေးတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

အစိုးရအနေနဲ့ ခေတ်ဟောင်းစနစ်ဟောင်းကနေ ခေတ်သစ်စနစ်သစ်ကို ပြောင်းလဲရာမှာ အချိန်ယူသင့်သလောက်ယူပြီး ဆောင်ရွက်ရသလို၊ ပုဂ္ဂလိကလုပ်ငန်းတွေအနေနဲ့လည်း ခေတ်သစ်စနစ်သစ် လုပ်နည်းလုပ်ဟန် အသစ်တွေ ပြောင်းလဲလုပ်ကိုင်ဖို့ လိုအပ်ပါတယ်။ အတိတ်က ရွှေထီးဆောင်းခွင့်ရခဲ့တာတွေကို ပြန်လည်တမ်းတနေလို့မရပါဘူး။

တာဝန်ရှိသူတစ်ယောက်နဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ ဆုံကြရာမှာ တာဝန်ရှိသူက လုပ်ငန်းတွေကို မကာကွယ်ဘူး၊ ကူညီမယ်လို့ ပြောဆိုတာကို လုပ်ငန်းရှင်တွေက သာမန်ပဲ သဘောထားကြပါတယ်။ ဒါပေမဲ့ အခုရက်ပိုင်းကြားသိရတဲ့ သတင်းတွေအရဆိုရင် ပြည်တွင်းလုပ်ငန်းတွေကို ကာကွယ်စောင့်ရှောက်တဲ့ မူဝါဒကနေ စားသုံးသူ အကျိုးစီးပွားကို ဦးတည်တဲ့ မူဝါဒအရွေ့အပြောင်းကို ကြားသိနေရပါပြီ။

မြန်မာ့လုပ်ငန်းတွေဟာ ပြည်ပက ဝင်ရောက်ရင်းနှီးမြှုပ်နှံကြမယ့် လုပ်ငန်းတွေနဲ့ ယှဉ်ပြိုင်ကြရတော့မယ့် အခြေအနေမှာ ကိုယ်မူလက ရရှိထားတဲ့ နိုင်ငံတကာဈေးကွက်တွေကို ကိုယ့်ပို့ကုန်တွေရဲ့ အရည်အချင်းညံ့ဖျင်းမှုကြောင့် တစ်ခုပြီးတစ်ခု ဆုံးရှုံးနေတဲ့ အသံတွေက မြန်မာလုပ်ငန်းတွေဟာ မပြောင်းလဲချင်သေးဘူး။ ပြောင်းလဲဖို့ အဆင်သင့် မဖြစ်သေးဘူးဆိုတာတွေကို ညွှန်ပြနေပြီး ဒီအတွက် အစိုးရကို အပြစ်တင်ဖို့မလို၊ နိုင်ငံခြားတိုင်းပြည်တွေကိုလည်း လက်ညှိုးမထိုးဘဲ ကိုယ့်ကိုယ်ကိုယ်သာ မညှာမတာ ဝေဖန်ပြင်ဆင်ကြရမှာ ဖြစ်ပါတယ်။

စီးပွားရေးလုပ်တာဟာ အလှူလုပ်တာမဟုတ်ဘူး။ စီးပွားရေးသမားဆိုတော့ သီလလုံစရာ၊ ကိုယ်ကျင့်တရားကောင်းစရာမလိုဘူးဆိုတဲ့ လွဲမှားတဲ့အယူအဆကို လက်ကိုင်ထားသူတွေ အများကြီး ရှိနေသေးပုံရပါတယ်။ နိုင်ငံတကာကုမ္ပဏီတွေက မြန်မာနိုင်ငံထဲ ဝင်ရောက်ရင်းနှီးမြှုပ်နှံဖို့အတွက် သူတို့နဲ့လက်တွဲရမဲ့သူတွေ၊ ရှာရဖွေရတာ၊ အတော်ခက်တယ်ဆိုတဲ့ ညည်းတွားသံဟာ အကြောင်းမဲ့ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာတာမဟုတ်ဘူးလို့ ဆင်ခြင်နိုင်ပါတယ်။

ပတ်ဝန်းကျင်ကို မထိခိုက်စေရဘူး။ လူမှုပတ်ဝန်းကျင်ကို မထိခိုက်စေရဘူးဆိုတဲ့ စံချိန်စံနှုန်းတွေကို အသာထား၊ ကိုယ့်ဝန်ထမ်းတွေရဲ့ အကျိုးစီးပွားကို ဘယ်လောက် ကာကွယ်စောင့်ရှောက်သလဲ၊ ကိုယ့်စားသုံးသူတွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးကို ဘယ်လောက် အာမခံသလဲဆိုတဲ့ ပေတံတွေနဲ့ တိုင်းကြည့်ရင်

mgyoe.com

mgyoe.com


ကို စာမေးပွဲမအောင်နိုင်သေးတဲ့ လုပ်ငန်းတွေ အများကြီးရှိနေမှာပါ။

တစ်ဆက်တည်း သတိရလို့တင်ပြရရင် အသင်းအဖွဲ့တွေကို မိမိနဲ့ မိမိရဲ့ပတ်ဝန်းကျင် လူတစ်စုရဲ့ အကျိုးစီးပွားအတွက် အသုံးချတာ၊ အသုံးချဖို့ ကြိုးစားခဲ့ကြတာတွေကိုလည်း အတိတ်မှာပဲ ထားခဲ့ဖို့ သင့်ပါပြီ။ အသင်းအဖွဲ့တွေကို မိမိရဲ့ ကိုယ်ကျိုးစီးပွားအတွက် အသုံးချဖို့ မသင့်တော်တော့ပါဘူး။ အများအကျိုး၊ ပရဟိတစိတ်ဓာတ်နဲ့ ဆောင်ရွက်စေချင်တယ်လို့ပြောရင် ဘယ်လိုတုံ့ပြန်ကြမယ် မသိပါ။ ဒါပေမဲ့ အများအကျိုးဆောင်ရင်းကလည်း ကိုယ့်အကျိုးအောင်နိုင်တာ မဟုတ်လား။ ဒါမှသာ၊ စီးပွားရေး လုပ်ငန်းရှင်တွေဆိုရင် အမြင်စောင်းတတ်ကြ၊ အမြင်မကြည်လင်တတ်ကြတာတွေ လျော့ပါးလာမှာပါ။ တစ်ဖက်မှာလည်း ကိုယ့်လုပ်ငန်း၊ ကိုယ့်ထုတ်ကုန်တွေအတွက် နာမည်ကောင်းတွေ ရလာမှာပါ။

အသင်းအဖွဲ့တွေရဲ့ တာဝန်တစ်ခု ကျန်သေးတယ် လက်ရှိကျင့်သုံးနေတဲ့ ဥပဒေတွေ စည်းမျဉ်းစည်းကမ်းတွေ လုပ်ထုံးလုပ်နည်းတွေက ခေတ်နဲ့မဆီလျော်တော့ရင် အများအကျိုးကို အထောက်အကူမပြုရင် အဲဒါတွေကို ပြုပြင်ပြောင်းလဲပစ်နိုင်ဖို့အတွက် အမှုဆောင်တွေရော အသင်းဝင်တွေကပါ ကြိုးစားကြဖို့လိုပါတယ်

(၃)

ပြီးခဲ့တဲ့နှစ်အတွင်းမှာ အများဆုံးကြားခဲ့ရတာကတော့ ခေါင်းတွဲသာ ပြောင်းသွားတယ်။ နောက်တွဲတွေက အရင်လူတွေပဲ။ အရင်စနစ်အတိုင်း ကျင့်သုံးနေကြတုန်းပဲဆိုတဲ့ ဝန်ထမ်းတွေနဲ့ပတ်သက်လို့ ဝေဖန်ကြတာတွေပါ။

ဒီနေရာမှာ ဝန်ထမ်းတွေအနေနဲ့ သူတို့ကြုံတွေ့ခဲ့ရတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအပေါ် ဆိုရှယ်လစ်ခေတ်ကတည်းက ကြည့်မြင်ခဲ့တဲ့ ဝိသမ လောဘသမားတွေဆိုတဲ့ မှန်ဘီလူးနဲ့ ဆက်ကြည့်နေတာတွေရှိသလို၊ လက်တွေ့မှာလည်း ဝိသမလောဘဘက်ကို ဦးတည်တဲ့ လုပ်ငန်းရှင်တွေနဲ့ တွေ့ကြုံမှုတွေကလည်း သူတို့ရဲ့ အစွဲအလမ်းကို ပိုမိုခိုင်မာစေခဲ့ပုံရတယ်လို့ သုံးသပ်ကြည့်ချင်ပါတယ်။

ဒါကြောင့်လည်း ပုဂ္ဂလိကလုပ်ငန်းတွေ လုပ်သာကိုင်သာရှိစေဖို့ ရည်ရွယ်ပြီး၊ ဖြေလျှော့ပေးတာမျိုးထက်၊ ထိန်းချုပ်တာဘက်ကို အားသန်ခဲ့ကြတာ ဖြစ်နိုင်ပါတယ်။ ပြီးတော့ ထိန်းချုပ်တာဟာ ကိုယ့်အကျိုးစီးပွားအတွက်လည်း အထောက်အကူ ဖြစ်ခဲ့ပါတယ်။

အခုလို ခေတ်ပြောင်း၊ စနစ်ပြောင်းချိန်မှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေလည်း

mgyoe.com

mgyoe.com


ပြောင်းလဲသင့်တဲ့အကြောင်း ရှေ့မှာ ပြောခဲ့ပါပြီ။ ဝန်ထမ်းတွေဘက်ကလည်း ပုဂ္ဂလိက လုပ်ငန်းရှင်တွေအပေါ် လူဆိုးတွေလို့ မမြင်ဘဲ အမြင်ပြောင်းသင့်ပါပြီ။ ပုဂ္ဂလိက လုပ်ငန်းတွေ တိုးတက်မှပဲ မြန်မာ့စီးပွားရေးတိုးတက်မှာပါ။ အရင်ကလို၊ နိုင်ငံပိုင် စီးပွားရေးက ဦးဆောင်တဲ့ခေတ် မဟုတ်တော့ပါဘူး။

စည်းမျဉ်းစည်းကမ်းချိုးဖောက်တဲ့သူ၊ မိမိအကျိုးစီးပွား ဦးတည်လွန်းသူကို ထိရောက်တဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ အရေးယူရမှာဖြစ်ပေမဲ့၊ မှန်မှန်ကန်ကန် အလုပ်လုပ်ချင်တဲ့ လုပ်ငန်းရှင်တွေ ဥပဒေကြောင်းကျ မှန်မှန်ကန်ကန် အလုပ်လုပ်ရာမှာ ချောမွေ့စေဖို့၊ အပြင်လမ်းကြောင်းကနေ အတွင်းလမ်းကြောင်းထဲ ရောက်လာစေဖို့ ဖြေလျှော့မှုတွေကိုလည်း မဆိုင်းမတွလုပ်ပေးဖို့ လိုအပ်ကြောင်းပါ။

(၁.၄.၂၀၁၇)

❑

mgyoe.com

mgyoe.com

# [ ၈ ]
# အမေရိကန်သမ္မတသစ်- အာရှကုန်သွယ်ရေးနဲ့ မြန်မာနိုင်ငံ

(၁)

အမေရိကန်နိုင်ငံမှာ ဒေါ်နယ်လ်ထရမ့်သမ္မတ ဖြစ်လာတဲ့အခါ အာရှဒေသမှာ ဘာတွေ အပြောင်းအလဲဖြစ်လာမလဲဆိုတာ၊ စင်္ကာပူ အမျိုးသားတက္ကသိုလ်က ပါမောက္ခတွေ၊ သုတေသီတွေ ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။ သူ့ရဲ့ ကုန်သွယ်ရေး မူဝါဒကြောင့် အာရှဒေသနဲ့ ကုန်သွယ်ရေး ဘယ်လောက်ထိခိုက်မယ်။ ဘယ်လောက် ကမောက်ကမ ဖြစ်မယ်ဆိုတာ ဘယ်သူမှမသိဘူး။ ဒါပေမဲ့ သူရဲ့ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒဟာ၊ အာရှအတွက်ရော၊ နိုင်ငံတကာ ကုန်သွယ်ရေးအတွက်ရော၊ ကောင်းကျိုးမပေးနိုင်တာတော့ သေချာတယ်လို့ ပညာရှင်များက တွက်ဆကြပါ တယ်။

ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (TPP)ကို ရပ်ဆိုင်းမယ်ဆိုတာ အားလုံးအတွက် ထိခိုက်နစ်နာမှု မရှိလှဘူး။ ဒါဟာ ပထဝီနိုင်ငံ ရေးဆိုင်ရာ အင်အားပြိုင်မှု၊ နိုင်ငံကြီးတွေရဲ့ ကစားကွက်တွေသာ ဖြစ်တယ်လို့ ပါမောက္ခတစ်ယောက်က သုံးသပ်ပေမဲ့ တခြားပါမောက္ခတစ်ဦးကတော့ အမေရိကန် တို့ ဆုတ်ခွာတာဟာ စာရင်းရှင်းစနစ်ပုံစံတစ်မျိုး ပေါ်ပေါက်လာတော့မယ်၊ ပိုပြီး ညစ်ပတ်၊ အတင်းအကျပ်လုပ်တတ်တဲ့ အရင်းရှင်စနစ်တစ်မျိုး ပေါ်ပေါက်လာတော့

mgyoe.com

mgyoe.com


မယ်ဆိုတဲ့ အစိပ္ပာယ်လို့ သူကတွက်တယ်။

ကမ္ဘာ့ကုန်သွယ်မှု ဆန့်ကျင်ရေးဆိုတဲ့ လူကြိုက်များ ကြွေးကြော်သံနဲ့အတူ၊ ၂၀၀၉ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းဖြစ်ပြီးနောက်ပိုင်း၊ ကမ္ဘာ့ကုန်သွယ်ရေး တိုးတက်မှုနှုန်းဟာ၊အနှေးကွေးဆုံး ဖြစ်သွားခဲ့ပါတယ်။ အနောက်နိုင်ငံတွေမှာ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒ အရှိန်မြင့်လာတာ၊ ကမ္ဘာ့ဆန့်လာရေးလမ်းကြောင်းကို ဆန့်ကျင်တာတွေဟာ ၂၀၁၆ မှာ ဗြိတိန်နိုင်ငံ၊ ဥရောပသမဂ္ဂက နုတ်ထွက်ဖို့ ဆုံးဖြတ်ချက်နဲ့ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွေကြောင့် လူမြင်သူမြင် ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် ကမ္ဘာ့ကုန်သွယ်ရေးဟာ ဆယ်စုနှစ်တွေပေါင်းများစွာအတွင်း၊ အကြီးမားဆုံးသော စိန်ခေါ်မှုနဲ့ ရင်ဆိုင်လာရတာ ဖြစ်ပါတယ်။

အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံရတဲ့ ဒေါ်နယ်လ်ထရမ့်က အမေရိကန်ပြည်သူတွေ၊ အမေရိကန်လုပ် ထုတ်ကုန်ပစ္စည်းတွေကို ပိုမိုဝယ်ယူဖို့အတွက်၊ တရုတ်တို့ မက္ကဆီကိုတို့လို၊ အမေရိကန်ရဲ့ အကြီးမားဆုံးသော ကုန်သွယ်ဘက်နိုင်ငံတွေကနေ တင်သွင်းတဲ့ သွင်းကုန်တွေကို အခွန်အကောက်တွေ မြင့်မြင့်မားမား ကောက်ခံဖို့ ကြံစည်နေပါတယ်။ ဒီလိုဆိုရင်၊ စီးပွားရေးအရ ကမ္ဘာတစ်ဝှမ်း ပေါင်းစည်းမှုတွေကနေ၊ အကျိုးကျေးဇူးတွေ ခံစားနေရတဲ့ အာရှဒေသကို သေချာပေါက် ထိခိုက်တော့မှာ ဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေး ပေါင်းစည်းမှုကြောင့်၊ ကိုယ့်ပစ္စည်းကို ကိုယ့်ဈေးကွက်သေးသေးလေးထဲမှာပဲ ရောင်းဖို့မလိုဘူး။ တတ်နိုင်သမျှ ဈေးကွက် အကြီးကြီးကို သွားရောင်းလို့ရတယ်။ လူဝင်လူထွက် လွတ်လပ်မှုရှိတယ်။ ကိုယ့်ဆီမှာ အလုပ်ဝင်ကူလုပ်ပေးမယ့် လူတွေရောက်အောင် ဆွဲဆောင်နိုင်တယ်။ ဒီလိုနဲ့ အောင်မြင်မှုတွေ ရကြတယ်။

အာရှဒေသက နိုင်ငံအတော်များများဟာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု အပြောင်းအရွှေ့တွေ၊ ကျွမ်းကျင်လုပ်သား အဝင်အထွက်တွေ၊ ပုံမှန်စီးပွားရေး တိုးတက်မှုတွေကြောင့်၊ အောင်မြင်မှုတွေရကြတယ်။ တရုတ်၊ အိန္ဒိယ၊ ထိုင်းနဲ့ အင်ဒိုနီးရှားတို့မှာ လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်း၊ ဝင်ငွေမြင့်လာတဲ့၊ လူလတ်တန်းစားတွေ တိုးပွားလာခဲ့ကြတယ်။ ၁၉၈၈ နဲ့ ၂၀၀၈ အကြား၊ တရုတ်နိုင်ငံက သာမန်လူတစ်ယောက်ရဲ့ ဝင်ငွေဟာ သုံးဆနီးပါးတက်လာခဲ့တယ်လို့ ကမ္ဘာ---ရဲ့ သုတေသန စာတမ်းတစ်ခုက ဆိုတယ်။ ထိုင်းနဲ့ အင်ဒိုနီးရှားမှာ သူတို့ရဲ့ ဝင်ငွေတွေ နှစ်ဆတိုးလာပြီး၊ အိန္ဒိယမှာတော့ တစ်ဝက်တက်လာခဲ့ပါတယ်။

mgyoe.com

mgyoe.com



ကုန်သွယ်ရေးသဘောတူညီချက်တွေကို နိုင်ငံတွေ ပါဝင်ပူးပေါင်းကြတာဟာ၊ သူတို့ရဲ့ ကုန်ပစ္စည်းတွေ နိုင်ငံတကာဈေးကွက်ထဲကို လွတ်လွတ်လပ်လပ် ပို့နိုင်အောင်လို့ ဖြစ်ပါတယ်။ ဥပမာ ပစိဖိတ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုရင် (တရုတ်နိုင်ငံမပါဝင်) ပစိဖိတ်ကမ်းနဖူးက နိုင်ငံ ၁၂ နိုင်ငံရဲ့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကို လွတ်လပ်ခွင့်ပြုမှာဖြစ်ပြီး ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကတော့၊ အာဆီယံအသင်းဝင်နိုင်ငံတွေနဲ့ အာရှပစိဖိတ်ဒေသက လက်တွဲဖော်ခြောက်နိုင်ငံရဲ့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို တိုးပွားလာစေမှာ ဖြစ်ပါတယ်။

ကမ္ဘာဆန့်လာတာကို ဆန့်ကျင်မှုဟာ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းတွေကို ပိတ်ဆို့လိုက်ရာရောက်လို့ အာရှဒေသရဲ့ စီးပွားရေးလုပ်ပုံလုပ်နည်းကို ကောင်းကောင်းကြီး ဒုက္ခပေးနိုင်ပါတယ်။ အာရှဒေသဈေးကွက်တွေ ပျောက်သွားနိုင်ပါတယ်။

မက္ကဆီကိုက တင်သွင်းတဲ့ ကုန်ပစ္စည်းတွေအပေါ် 35% တရုတ်ကနေ တင်သွင်းတဲ့ သွင်းကုန်တွေအပေါ် 45% အခွန်ကောက်မယ်လို့ဆိုတော့ တရုတ်အပေါ်ကောက်တဲ့ အခွန်တွေကြောင့်၊ တောင်ကိုးရီးယား၊ ဂျပန်တို့အပြင် ဥရောပသမဂ္ဂကိုပါ၊ ထိခိုက်လာနိုင်တယ်လို့ ပညာရှင်တွေက တွက်ဆနေကြပါတယ်။

ပြီးတော့ မြောက်အမေရိက ကုန်သွယ်ရေးသဘောတူညီချက် (NAFTA)လို၊ သဘောတူညီချက်တွေကို ပြန်ပြီး သုံးသပ်မယ်။ နုတ်ထွက်မယ်ဆိုတဲ့ အပြောမျိုးတွေကြောင့် အမေရိကန်၊ ကနေဒါနဲ့ မက္ကဆီကိုတို့ ပါဝင်တဲ့ ကမ္ဘာ့အကြီးဆုံး ကုန်သွယ်ရေးဇုန်ကြီးတစ်ခုကို ဒုက္ခပေးနိုင်ပါတယ်။ သူပြောသလိုသာ၊ လက်တွေ့လုပ်မယ်ဆိုရင်၊ အာရှဒေသနဲ့ အမေရိကန်ရဲ့ကုန်သွယ်ရေးကို ထိခိုက်နိုင်ပါတယ်။ အမေရိကန်ကုမ္ပဏီတွေသာမက အမရိကန်အခြေစိုက်ကုမ္ပဏီတွေ၊ နိုင်ငံတကာကုမ္ပဏီတွေ၊ ကမ္ဘာတစ်ဝှမ်းမှာရှိတဲ့ ကုမ္ပဏီတွေရဲ့ အရောင်းလမ်းကြောင်းတွေ အားလုံး၊ ကမောက်ကမ ဖြစ်သွားနိုင်ပါတယ်။

အခုအထိတော့ အမေရိကန်နဲ့ အနောက်ဥရောပမှာသာ ကမ္ဘာ့ဆန့်လာတာကို ဆန့်ကျင်မှုဖြစ်နေပေမဲ့ မကြာမီ၊ အာရှဒေသကို ပြန့်နှံ့လာဖွယ်ရှိပါတယ်။ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အမေရိကန်နဲ့ ဥရောပတို့ဟာ ကိုယ်ကျိုးစီးပွားကာကွယ်ဖို့ ဖြည်းဖြည်းချင်း ကြိုးစားလာနေကြတာကို တွေ့မြင်နေရပါတယ်။ အထူးသဖြင့် နိုင်ငံ

mgyoe.com

mgyoe.com


တကာ စည်းမျဉ်းစည်းကမ်းတွေက အားနည်းပြီး၊ ထိန်းချုပ်ဖို့ခက်တဲ့ နေရာတွေမှာ၊ အခွန်ကောက်တဲ့နည်းနဲ့မဟုတ်၊ တခြားနည်းနဲ့ ကုန်သွယ်ရေးကို ကန့်သတ်ထိန်းချုပ်ဖို့ ကြံစည်လာကြတာတွေ တွေ့လာရတယ်။ ဖြေလျှော့တယ်ဆိုတဲ့အသံ၊ အတော်လေး တိတ်သွားတယ်။

အခုလို အမေရိကန်နောက်ဆုတ်ရင် တရုတ်နိုင်ငံက လစ်ဟာနေတဲ့ ခေါင်းဆောင်နေရာကို ရှေ့တက်ဝင်ရောက်လာတော့မှာလား။ တချို့ပညာရှင်တွေက အမေရိကန်ကိုပဲ အာရုံစိုက်မနေဘဲ၊ အာရှဒေသနဲ့ ကျန်တဲ့ကမ္ဘာကြီးအတွက် ပိုမိုကောင်းမွန်တဲ့ နည်းလမ်းတွေကို ရှာဖွေဖော်ထုတ်သွားသင့်တယ်လို့ ဆိုပါတယ်။

ကုန်သွယ်မှု သဘောတူညီချက်တွေ ဆိုတာကလည်း တကယ်တော့ ကုန်သွယ်မှုတစ်ခုတည်း မဟုတ်၊ နိုင်ငံရေးတွေ အင်အားပြိုင်တာတွေ၊ အနောက်နိုင်ငံတွေရဲ့ လူ့အခွင့်အရေးနဲ့ တန်ဖိုးထားမှုတွေ၊ ကိုယ်ကျိုးစီးပွား ကာကွယ်မှုတွေ အားလုံးပါဝင်နေတာပါ။

အမေရိကန်ရဲ့ ခေါင်းဆောင်မှုကို အာရှဒေသမှာ ဘယ်လောက်လိုအပ်သလဲ၊ အမေရိကန်မဟုတ်ဘဲ၊ တခြားနိုင်ငံဆိုရင် ပိုပြီး မတည်မငြိမ်ဖြစ်နိုင်သလားဆိုတာကို စိုးရိမ်ပူပန်နေကြပါတယ်။

ဒေါ်နယ်လ်ထရမ့်က ကုန်သွယ်ရေးမှာ အစိုးရက ဝင်ရောက်စွက်ဖက်ဖို့ ကြိုးစားတာဟာ၊ တကယ်တော့ ပထမဆုံးအကြိမ် မဟုတ်ပါဘူး။ သူက သူသဘောကျတဲ့ လုပ်ငန်းတွေကို မြှောက်စား၊ သဘောမကျတဲ့ လုပ်ငန်းတွေကို နှိပ်ကွပ်မယ်ဆိုတာမျိုးက တကယ်တမ်းတော့ မူသဘောမဟုတ်၊ လက်တန်းလုပ်တာမျိုး၊ အရေးပေါ်လုပ်တာမျိုးနဲ့ တူနေပါတယ်။ ဒါကြောင့် အမေရိကန်ပြည်တွင်းက လုပ်ငန်းရှင်တွေကလည်း စိုးရိမ်ပူပန်နေကြတာပါ။ သူ့စိတ်ကူးအတိုင်း ရှောက်လုပ်ရင်၊ အမေရိကန်ရဲ့ စီးပွားရေးကို ရေရှည်မှာ ဆိုးဆိုးဝါးဝါး ထိခိုက်နိုင်တယ်လို့ တွက်ဆနေကြပါတယ်။ သွင်းကုန်တွေအပေါ် အခွန်တိုးကောက်လိုက်လို့ အမေရိကန်အလုပ်သမားတွေ အလုပ်မရ၊ ပြည်ပသွားလုပ်နေတဲ့ အမေရိကန်စက်ရုံတွေ၊ အမေရိကန်ကို ပြန်မလာဘဲ၊ အမေရိကန်စားသုံးသူတွေသာ၊ ဈေးကြီးပေးပြီးစားရတဲ့ အဖြစ်မျိုးနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။

အမေရိကန်လုပ်ငန်းတွေ ပြိုင်ဆိုင်နိုင်စွမ်း ကျဆင်းမယ်၊ ရင်းနှီးမြှုပ်နှံမှုအသစ်တွေလည်း ဝင်ရောက်မလာဘဲ၊ နောက်ဆုံးမှာ အမေရိကန် အလုပ်သမားတွေရဲ့

mgyoe.com

mgyoe.com

လုပ်ခတွေ လျော့ကျသွားနိုင်တယ်ဆိုတဲ့ တွက်ဆမှုတွေကိုလည်း တွေ့နေရပါတယ်။ အမေရိကန်နိုင်ငံအပေါ်ကိုရော၊ လက်တုံ့ပြန်မှုတွေ ပေါ်ပေါက်မလာနိုင်ပေဘူးလား။ သွင်းကုန်ခွန်တင်တဲ့နည်းမဟုတ်ဘဲ၊ တခြားနည်းမရှိဘူးလား။

ဒေါ်နယ်လ်ထရမ့်ကြောင့် အမေရိကန်ဒေါ်လာတွေ စျေးတက်ခဲ့ရင် အမေရိကန်နိုင်ငံရဲ့ ကုန်သွယ်ရေးလိုငွေက ပိုပြီးကြီးမားလာနိုင်ပါတယ်။

ကိုယ်အားပေးချင်တဲ့ ကုမ္ပဏီကိုတစ်မျိုး အားမပေးချင်တဲ့ ကုမ္ပဏီကို တစ်မျိုး၊ ဆက်ဆံတဲ့နည်းဟာ အခုလည်း တချို့ပြည်နယ်တွေမှာ ကျင့်သုံးနေပြီးသားပါ။ အားပေးချင်ရင် ထောက်ပံ့ကြေးပေး၊ အားမပေးချင်ရင် အခွန်ကောက်တာပေါ့။

၁၉၆၀ ပြည့်နှစ်လွန်နှစ်တွေတုန်းက သမ္မတဂျွန်ကနေဒီက သံမဏိလုပ်ငန်းတွေကို အပြစ်တင်ခဲ့ဘူးတယ်။ အိုဘားမားကတော့ ၂၀၀၉ ခုနှစ်က အမေရိကန်မော်တော်ကားကုမ္ပဏီတွေကို ကယ်ခဲ့ဖူးတယ်။ ဗြိတိန်ဝန်ကြီးချုပ်ကလည်း ဥရောပသမဂ္ဂက ဗြိတိန်ထွက်ခဲ့ပေမဲ့ ဂျပန်မော်တော်ကားကုမ္ပဏီ ဆက်ရှိဖို့ ကြိုးစားနေတယ်။ ပြင်သစ်အစိုးရကလည်း အလုပ်အကိုင်တွေ လျော့မသွားဖို့၊ လုပ်ငန်းတွေကို စည်းရုံးနေတယ်။ ရုရှအစ၊ ဗင်နီဇွဲလားအဆုံး၊ ကိုယ့်မူဝါဒနဲ့ကိုက်ရင် အားပေး၊ မကိုက်ရင် နှိပ်ကွပ်လုပ်ကြတာတွေချည်းပါပဲ။ ဒါပေမဲ့ အခု ဒေါ်နယ်လ်ထရမ့် လုပ်နေတာတွေဟာ၊ အရေးပေါ်အခြေအနေနဲ့ကြုံလို့ လုပ်နေတာမျိုး မဟုတ်ခဲ့ပါဘူး။ ဒါကြောင့် နောက်ဆုံးမှာ သူကယ်တင်ဖို့ ကြိုးစားနေတဲ့ အလုပ်သမားတွေပဲ ဒုက္ခရောက်နိုင်တယ်လို့ သုံးသပ်ကြပါတယ်။

(၃)

ဒီအခြေအနေမှာ မြန်မာနိုင်ငံအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိနိုင်သလဲ။

ပထမဆုံးအချက်ကတော့ အမေရိကန်က မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ထူးထူးခြားခြား အကျိုးပြုနိုင်မယ့် အလားအလာနည်းတယ်။

ဒုတိယအချက်က အမေရိကန်ရဲ့ ကုန်သွယ်ဘက်တွေကနေတစ်ခ င့် မြန်မာနိုင်ငံအပေါ် ဆိုးဝါးတဲ့ အကျိုးသက်ရောက်မှုတွေရောက်၊ ပို့ကုန်ကို ထိခိုက်နိုင်တယ်။ မထိန်းနိုင်ရင် ကုန်သွယ်ရေးလိုငွေတွေ ပိုများလာမယ်။

တတိယအချက်ကတော့ မြန်မာနိုင်ငံအပေါ် ရင်းနှီးမြှုပ်နှံမှုတွေ ပြည်ပကဝင်လာအောင် ပိုပြီးကြိုးစားဖို့လိုမယ်။
mgyoe.com

စိတ်ဝင်စားစရာတစ်ခုက ခုတ်ရာတခြား ရှရာတလွဲဆိုသလို၊ အလုပ်သမားတွေကို ကူညီဖို့ ကြိုးစားတာဟာ ဒုက္ခရောက် (အလုပ်လက်မဲ့ဖြစ်အောင်) လုပ်ရာရောက်တတ်တယ်ဆိုတဲ့ သင်ခန်းစာပါပဲ။

❑

mgyoe.com

mgyoe.com

# [ ၉ ]
## ကမ္ဘာ့ဘဏ်နဲ့ အိုင်အမ်အက်ဖ်ကပြောပြတဲ့ မြန်မာ့စီးပွားရေး

ဇန်နဝါရီလ ၃၀ ရက်နေ့တုန်းက ကမ္ဘာ့ဘဏ်က မြန်မာ့စီးပွားရေးနဲ့ ပတ်သက်တဲ့ သုံးသပ်ချက်စာတမ်းတစ်စောင် ထုတ်ဝေခဲ့ပါတယ်။ ဒီစာတမ်းရဲ့ အဓိက အချက်ကိုတော့ သတင်းတွေမှာ ပါပြီးလို့ သိလောက်ပြီး ဖြစ်ပါလိမ့်မယ်။ ဒီဆောင်းပါးမှာတော့ အဓိကအချက်တွေရယ်၊ အင်္ဂလိပ်ဘာသာနဲ့ စာမျက်နှာ ၇၀ လောက်ရှိတဲ့ စာတမ်းထဲက တခြားစိတ်ဝင်စားစရာ အချက်တချို့ရယ်ကို ကောက်နုတ်ဆွေးနွေးပါမယ်။

အစိုးရသစ်ရဲ့ ပထမခြောက်လမှာ နေရာချတဲ့အလုပ်၊ လေ့လာပြင်ဆင်ရတဲ့ အလုပ်တွေနဲ့ဆိုတော့ အခက်အခဲရှိခဲ့ပြီး စီးပွားရေးတိုးတက်မှုနှုန်း နိမ့်ခဲ့တယ်ဆိုတာကို ကမ္ဘာ့ဘဏ်ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ပြည်သူအများစုကလည်း ဒီအခြေအနေကို နားလည်လက်ခံခဲ့တာ ၂၀၁၆ နှစ်ကုန်၊ ကိုးလတာကာလအထိပါ။ ဒါပေမဲ့ ကိုးလကျော်လာလို့ ၂၀၁၇ နှစ်ထဲ ဝင်လာတဲ့အခါမှာ စီးပွားရေးတိုးတက်မှု ပိုမိုမြန်ဆန်လာမယ်လို့ အားလုံးက မျှော်လင့်ထားကြ၊ ပြင်ဆင်ထားကြတယ်ဆိုတာ မေ့လို့ မဖြစ်ပါဘူး။ ကမ္ဘာ့ဘဏ်ကလည်း နောင်သုံးနှစ်လောက်အတွင်း ၇ ဒသမ ၁ ရာခိုင်နှုန်းလောက် ပျမ်းမျှနှုန်းနဲ့ တိုးတက်ဖို့ မှန်းထားတယ်။

အစိုးရက စီးပွားရေးမူဝါဒတွေကို ပြည်သူလူထုသိရှိနိုင်အောင် ရှင်းရှင်းလင်း

mgyoe.com

လင်း လွယ်လွယ်ကူကူ တင်ပြသင့်တယ်လို့ အကြံပြုတာနဲ့ ပတ်သက်လို့ပြောရရင် ပြည်သူလူထုက စိတ်ဝင်စားလာကြ၊ ပူးပေါင်းလာကြတဲ့ အချိန်ဖြစ်လို့ ဒီစကားပြောရ တယ်လို့ နားလည်ပါတယ်။ ပြည်သူစိတ်မဝင်စားရင် ဘာပေါ်လစီချချ၊ ရှုပ်တာတွေ၊ ရှင်းတာတွေ ပြောနေမှာ မဟုတ်ပါဘူး။ အခုတော့ ပြည်သူတွေကိုယ်နှိုက်က ပြည်သူ့ အစိုးရ ဘာတွေလုပ်မှာလဲ၊ ဘာတွေလုပ်နေသလဲဆိုတာ သိချင်လာကြလို့ ရှင်းလင်း လွယ်ကူအောင် ချပြဖို့ လိုအပ်လာတာ ဖြစ်ပါတယ်။ လက်တွေ့မျက်မြင်ကို ပြောရရင် တော့ မရှင်းလင်းတဲ့ မူဝါဒတွေ၊ မူဝါဒကို ရှင်းရှင်းလင်းလင်း မပြောတတ်၊ ထိထိ ရောက်ရောက် မပြောနိုင်တာတွေ၊ ပြည်သူနဲ့ ပြေလည်တဲ့ဆက်ဆံရေး မတည်ဆောက် နိုင်တာတွေကို လက်ခံပြုပြင်နိုင်ဖို့ လိုအပ်ပါတယ်။

ကမ္ဘာ့ဘဏ်ရဲ့ အစီရင်စာထဲမှာ ရင်ဆိုင်ရမယ့် နိုင်ငံအဆင့် စီးပွားရေး အန္တရာယ်တွေကိုလည်း ဖော်ပြထားတယ်။ အဲဒါတွေက ကုန်ထုတ်လုပ်မှု အခြေခံ ကျဉ်းမြောင်း တာကတစ်ခု။ ကမ္ဘာ့ဈေးကွက်ထဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းမရှိတာ၊ ကုန်ပစ္စည်း အမယ်စုံ မထုတ်လုပ်နိုင်ဘဲ၊ တစ်မျိုးနှစ်မျိုးလောက်ကိုပဲ အဓိကထား အားကိုးပြီး ပို့နေရတာ၊ သဘာဝ ဘေးအန္တရာယ်တွေ ကျရောက်လွယ်တာနဲ့၊ သွင်း ကုန်တွေ ဈေးမြင့်မားလာတာတွေ ဖြစ်ပါတယ်။ ရှေ့မှာပြောခဲ့တဲ့ စီးပွားရေးမူဝါဒတွေ ရှင်းရှင်း လင်းလင်းမရှိတာနဲ့ အကောင်အထည်ဖော်ရာမှာ နှောင့်နှေးကြန့်ကြာနေတာ တွေလည်း ပါပေသပေါ့။

ကုန်ထုတ်လုပ်မှု အခြေခံကျဉ်းမြောင်းတယ်ဆိုရာမှာ ကိုယ့်ပြည်တွင်း စားသုံး ဖို့တောင် မလုံလောက်တဲ့ ထုတ်လုပ်မှုမျိုးတွေပါ။ သဘာဝ ဘေးအန္တရာယ်ကတော့ မိုးလေဝသပညာရှင်တွေပြောသလို ပြောရမယ်ဆိုရင်တော့ မကြာခဏဖြစ်လာတတ် လို့ များများလည်းဖြစ်၊ မြန်မြန်လည်းဖြစ်ဆိုပေမဲ့၊ ကိုယ့်ဘက်က သိပ်ပြီး ပြင်ပြင်ဆင် ဆင် မရှိလှဘူးလို့ ဆိုရမှာပါ။ သွင်းကုန်တွေက နိုင်ငံတကာမှာ ဈေးတက်တာရယ်၊ ဒေါ်လာဈေးတက်လို့ ဈေးတက်ရတာတွေပေါ့။ ပို့ကုန်မှာ ဈေးကျတာသာ အဖတ်တင် တယ်။ တိုးပြီးလည်း မပို့နိုင်ဘူးလေ။

အကောင်းဘက်က ပြောစရာကတော့ ဝယ်လိုအားကျတာရယ်၊ လိုငွေကို ငွေ စက္ကူရိုက်ဖြည့်တဲ့နည်းကို လျှော့ချဖို့ ကြိုးစားတာရယ်ကြောင့် ငွေဖောင်းပွမှုနှုန်း– တစ်နည်းအားဖြင့် ကုန်ဈေးနှုန်းတက်တာတွေ အရှိန်လျှော့မယ်လို့ တွက်ဆထားတာ ပါ။ ဒါပေမဲ့ ပြည်တွင်း ပုဂ္ဂလိကကဏ္ဍ ချေးငွေတွေများနေတဲ့ အန္တရာယ်တစ်ခုကို

mgyoe.com